# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဗြာဟ္မဏ

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၂၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ – ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ *ဖတ် စ ရာ*


အသုံးမဝင် အကျိုးမရှိ — ဆောင်းပါး — စာ ၁၀

တစ်တော့ခ်အသုံးပြုမှုကို ပိတ်ပင်နိုင်သည့် ဥပဒေကြမ်း အမေရိကန်လွှတ်တော်တွင် ထောက်ခံမဲပေး — နိုင်ငံတကာသတင်း — စာ ၁၃

ပြည် ပဲဈေးကွက်၌ ပဲကြီးသီးနှံဈေးကောင်းရ၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ် — စီးပွားရေးသတင်းများ — စာ ၁၄

အကျိုးကျေးဇူးမျိုးစုံရရှိဖို့ စိုက်ပျိုးပြုစုထိန်းသိမ်းစို့ — ဆောင်းပါး — စာ ၁၆

# ပြည်တွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ် ပြည်ပသို့ တင်ပို့မှုများချင့်ချိန်

မြန်မာတို့၏ နေ့စဉ် အဓိကစားသုံးမှုတွင် ဆန်က ပထမ၊ ဆီက ဒုတိယဖြစ်သည်။ အဓိကစားသုံးသီးနှံ ဆန်နှင့်ဆီတို့ကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ဆန်သာလျှင် ဖူလုံပြီး ဆီမဖူလုံမှုကြောင့် လိုအပ်သမျှကို ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။ ပြည်တွင်းဆီထုတ်လုပ်မှုမပါ နှစ်စဉ် ပြည်ပမှ ဆီတန်ချိန် ရှစ်သိန်းမှ ကိုးသိန်းအထိ တင်သွင်းနေရခြင်းဖြစ်ရာ ပြည်တွင်းဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီဖူလုံရေးအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

"ဆီထွက်သီးနှံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့ တင်ပို့နေခြင်းများလည်းရှိကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာဖြင့် ထုတ်လုပ်နိုင်ရေးနှင့် အချက်အလက်များ မှန်ကန်စွာ ရယူနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက် (၄) ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄) တွင် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအဖြစ် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုလျှင် စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ဆီထွက်သီးနှံများ စိုက်ဧကမှာ (စားအုန်းဆီမပါ) စိုက်ဧက ရှစ်သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ရာ လိုအပ်ချက်၏ နှစ်ဆခွဲခန့် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းရမှု လျော့ကျသွားမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့် မြေပဲ၊ နှမ်းတို့ကို ပြည်ပသို့ တင်ပို့ခြင်း၊ အခြားနည်းဖြင့် စားသုံးခြင်းတို့ကြောင့် ပြည်တွင်းဆီဖူလုံမှုကို လျော့နည်းသွားစေသည်။

ပြည်တွင်းဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီသီးနှံလှိုင်လှိုင်ပေါ်ချိန်တွင် ပြည်ပတင်ပို့သူ (exporter)များ၊ ပြည်ပဝယ်လက်များနှင့် ယှဉ်ပြိုင်ဝယ်ယူနိုင်စွမ်းမရှိခြင်း၊ ဆီစက်လုပ်ငန်းကြီးများအနေဖြင့်လည်း ထုတ်လုပ်နိုင်စွမ်းရှိသလောက် ပြည်တွင်းဝယ်လိုအား မရှိခြင်း စသည့်အခက်အခဲများရှိကြောင်း၊ ပြည်တွင်းမှ မြေပဲ၊ နှမ်း စသည့်ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် စားအုန်းဆီ ပြည်တွင်းတင်သွင်းမှုတို့အပေါ် ပြည်တွင်းစားသုံးဆီဖူလုံမှုနှင့် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်သင့်ကြောင်း ဆီစက်လုပ်ငန်းရှင်အသိုင်းအဝိုင်းမှ ပြောကြားမှုများရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း "ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပြည်ပသို့ တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များ ရရှိခြင်း၊ အလုပ်အကိုင်များ ရရှိခြင်းများ ဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း" ယမန်နှစ် ကုန်သည်/စက်မှုအသင်းချုပ် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်သာမက အခြားသော အကျိုးစီးပွားဖြစ်ထွန်းမှုများလည်း ရှိနေသည်။ ပဲ၊ နှမ်း ကုန်ကြမ်းများ ပြည်ပသို့ တင်ပို့နေမည့်အစား အရည်အသွေးမြင့်စားသုံးဆီနှင့် အခြားစားသောက်ကုန်ချောများ ထုတ်လုပ်ကာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးတွင် အထောက်အကူပြုနိုင်ပါမည့်အကြောင်း။ ။

## (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပမည်

နေပြည်တော် ဧပြီ ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ မေ ၁၃ ရက် (တနင်္လာနေ့)၊ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ ၁ ပါး၊ မူလအာဘိဓမ္မိက ၅ ပါး၊ ဒီဃနိကာယကောဝိဒ ၃ ပါး၊ ဒီဃဘာဏက ၉ ပါး၊ ဝိနယကောဝိဒ ၅ ပါး၊ ဝိနယဓရ ၃၁ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၁ ပါး၊ စာအောင်သံဃာ ၁၁၂ ပါး၊ စုစုပေါင်းသံဃာတော် ၁၄၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူး ပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဧပြီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂.၅.၂၀၂၄ ရက်နေ့မှ ၇.၆.၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊
  အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ - ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ် - ၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်


## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် **(အခမဲ့)** ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၄

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHUM Angvichet အား လက်ခံတွေ့ဆုံစဉ်။

❖ **မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး**

❒ *ရှေ့ဖုံးမှ*

ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ကျုံမ် အန်းဗွီကြတ် (Mr.CHUM Angvichet) အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – ကမ္ဘောဒီးယား နှစ်နိုင်ငံ အကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုအစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဧပြီ ၂၄**

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ(၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဝဝါမောင်၊ ဦးရဲတင့်၊ ဒေါက်တာ အောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာ ဇော်မြင့်၊ ဒေါက်တာ အောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း) ကို အတည်ပြုသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လှိုင်းဘွဲ့မြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်များအား ဆန်ရိက္ခာ သုံးလစာထောက်ပံ့



**လှိုင်းဘွဲ့ ဧပြီ ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ယာယီတိုက်ပွဲရှောင်များအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဆန်အိတ်များကို ဧပြီ ၂၃ ရက်က အောင်ဆန်းခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့် အဖွဲ့ဝင်များက ဆက်လက်ထောက်ပံ့ပေးအပ်သည်။

လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသသို့ ဖာပွန်မြို့နယ်မှ ယာယီတိုက်ပွဲရှောင် ရောက်ရှိလာကြသော အိမ်ထောင်စုများနှင့် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်များမှ ယာယီတိုက်ပွဲရှောင် ရောက်ရှိနေကြရပြီး ဆွေမျိုးများအိမ်၌ နေထိုင်နေကြရသည့် အိမ်ထောင်စုပေါင်း ၁၅၃၉ စု၊ လူဦးရေပေါင်း ၆၈၅၇ ဦး တို့အတွက် ဆန်ရိက္ခာ သုံးလစာ ဆန်အိတ်၆၄၂၈ အိတ်ကိုလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Wang Xiao Hong ၏ ဖိတ်ကြားချက်အရ မေ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Ms. Cao Jing နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)



**ကိုယ်စားလှယ်အရာရှိကြီးများလိုက်ပါ**

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း စမ်းသပ်စိုက်ပျိုးခြင်းမှ ထွက်ရှိသည့် နေကြာစေ့များအား ကြိတ်ခွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲပိုင်းက ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေသြဇာအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းမှ ထွက်ရှိသည့် မြန်မာနေကြာမျိုးနှင့် ရုရှားနေကြာစေ့များ ကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ၁၅ဧကပေါ်တွင်ရုရှားသဘာဝမြေသြဇာ အသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းမှ ထွက်ရှိလာသည့်



မြန်မာနိုင်ငံမှ ရေဆင်းမျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Norma၊ Bravo၊ Excellent စသည့် ဆီထွက်သီးနှံ နေကြာစေ့များ၊ ပျဉ်းမနားမြို့နယ် Myanmar Agribusiness Public Cooperation Linited (MAP-CO) ဆန်စက်ဝင်းအတွင်းရှိ နေကြာအခွံချွတ်စက်ဖြင့် အခွံချွတ်နေမှုများကိုလည်းကောင်း၊ အခွံချွတ်ပြီး နေကြာစေ့များအား လယ်ဝေးမြို့နယ် တောင်တွင်း ဆီစက်တွင် ဆီကြိတ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ (ဝဲပုံ)

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နေကြာစေ့များအား အခွံချွတ်ပြီးမှ ဆီကြိတ်ခြင်းသည် ဆီအရည်အသွေး ပိုမိုကောင်းမွန်နိုင်ကြောင်း၊ စမ်းသပ်စိုက်ပျိုးခဲ့သည့် နေကြာမျိုးအလိုက် နေကြာစေ့အား အခွံမချွတ်ဘဲကြိတ်ခြင်းမှ ထွက်ရှိလာသော ဆီပမာဏ၊ အခွံချွတ်ပြီး ကြိတ်ခြင်းမှ ထွက်ရှိလာသော ဆီပမာဏ၊ ရေခဲတတ်ပါဝင်မှုနှုန်းများကို စနစ်တကျတိုင်းတာတွက်ချက်ထားရန် လိုအပ်ကြောင်း၊ နေကြာမျိုးအလိုက် ဆီထွက်နှုန်း၊ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ အားသာချက်၊အားနည်းချက်များကို ဖော်ထုတ်ပြီး ဆက်လက်စမ်းသပ်သည့်အခါတွင် အားနည်းချက်များကို ပြုပြင်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေသြဇာအသုံးပြု၍ နှမ်းစပါး စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (အောက်ပုံ)



အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာနိုင်ကြရန် တာဝန်ရှိသူအဆင့်ဆင့်က အသိပညာပေး ထိန်းကျောင်း ကြပ်မတ်ရန် လိုကြောင်း၊ အများပြည်သူ အကျိုးစီးပွား ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သော လူအဖွဲ့အစည်းဖြစ်စေရန် မိမိတို့အားလုံး တစ်ညီတစ်ညွတ်တည်း ကြိုးပမ်းသွားကြရန်နှင့် မိမိတို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ ယုံကြည်မှုကို ရရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေရေး စနစ်တကျ ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ ကျင့်ဝတ် စံနှုန်းများနှင့်အညီ ဖြောင့်မတ် တည်ကြည်စွာဖြင့် တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်ကြစေရန် မြှင့်တင်နိုင်ရေး အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ကိစ္စရပ်များ၊ နိုင်ငံတော်၏ မူဝါဒများနှင့် ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုများနှင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များကို သွေဖည်ပြီး နိုင်ငံတော် သစ္စာဖောက်ဖျက်မှုများကို ကျူးလွန်မှုမဖြစ်ပေါ်စေရန် ဦးစီးဌာနအလိုက် အသိပညာပေး ဟောပြောခြင်းများ ပုံမှန်ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများခင်းကျင်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲ အခမ်းအနားအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC II) ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများ ခင်းကျင်းနေမှုတို့ကို ယနေ့ ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက်ကြည့်ရှု စစ်ဆေးအားပေးသည်။

**လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခန်းမအတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ရန် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေသည့် ပြခန်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ (ဝဲပုံ)

အဆိုပါ အခမ်းအနားတွင် ဝန်ကြီးဌာန ၂၃ ခုမှ ပြခန်းပေါင်း ၇၆ ခန်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio (C) ၌ ကျင်းပရာ ရန်ကုန်မြို့ လှိုင်သာယာ(အနောက်) အထက(ခွဲ)၊ အလက(၁၈)၊ရန်ကုန်မြို့ (စမ်းချောင်း) အထက (၂)၊ ရန်ကုန်မြို့(မင်္ဂလာဒုံ) အလက(၄)၊ ရန်ကုန်မြို့ (သဃ်ာန်းကျွန်း) အထက သုဝဏ္ဏ၊ ရန်ကုန်မြို့ (ဗဟန်း) အလက(၃) တို့မှ ကျောင်းသူ ကျောင်းသား ငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ငါးဦးတို့က Round (၁) ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာရပ်မေးခွန်းနှစ်ခုနှင့် ရေဒီယိုမှ ထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်းနှစ်ခု စုစုပေါင်း မေးခွန်း လေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကို ရန်ကုန်မြို့ (မင်္ဂလာဒုံ) အလက (၄) Grade –8 မှ မောင်စိုးသက်မောင်မောင် ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်မြို့ (ဗဟန်း) အလက(၃) Grade–7 မှ မနှင်းပေရယ်မိုးက လည်းကောင်း၊ တတိယဆုကို ရန်ကုန်မြို့ လှိုင်သာယာ(အနောက်) အထက(ခွဲ)၊ အလက(၁၈)၊ Grade–10 မှ မဇာဇာမျိုးထက်ကလည်းကောင်း၊ အထူးဆုနှစ်ဆုကို ရန်ကုန်မြို့ (သဃ်ာန်းကျွန်း) အထက သုဝဏ္ဏ၊ Grade–9 မှ မဆွတ်ဂျာလုံနှင့် ရန်ကုန်မြို့ (စမ်းချောင်း) အထက(၂) Grade–9 မှ မမြမှူးခင် တို့ကလည်းကောင်း ရရှိခဲ့ကြသဖြင့် ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီလွှာစိုးက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပမှုကို (၂၅–၄–၂၀၂၄) ရက်နှင့် (၂၆–၄–၂၀၂၄) ရက်နေ့ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းအား အများပြည်သူ စိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေး အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလူပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲ ငါးကြိမ် ကျင်းပမည်ဖြစ်ပြီး တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယ ဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးအား ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**





## ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူ

ပဲခူး မေ ၂၄

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ မေ ၂၃ ရက် ညနေပိုင်းက သံဃာအပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က တက်ရောက်လောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများမှ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ရန် ပြင်ဆင်နေမှုများအား လိုက်လံကြည့်ရှု အားပေးသည်။

ထို့နောက် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၀၀ အား အများပေါင်းစု ကောင်းမှုကုသိုလ်တို့ဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ပဲခူးမြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးရှိ သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ နှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။(အပေါ်ပုံ) **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်ရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

နေပြည်တော် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း မေ ၂၃ ရက် ညနေ ပိုင်းတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် တံပူစားကျေးရွာ၊ ကွင်းယားကြီးကျေးရွာ၊ တရုတ်မော်ကျေးရွာနှင့် မဲမဲကျေးရွာတို့ရှိ နေအိမ် သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၆၁ လုံး အမိုးလန် ပျက်စီးခဲ့သည်။



အဆိုပါ လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည့် နေရာများသို့ ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံ တပ်မတော်သားများက သွားရောက်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ပြည်တပ်နယ်မှ တာဝန်ရှိသူများက လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(အပေါ်ပုံ)

**သတင်းစဉ်**

# ဆရာ ဆရာမများအနေဖြင့် တပည့်များကို နိုင်ငံတော်က အားထားရသော အဖိုးတန်လူကောင်း၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေး

ရန်ကုန် မေ ၂၄

**ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ်သင်တန်း မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အမှတ်စဉ် (၁/ ၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က အဆိုပါကောလိပ် ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်နှင့်ဆရာ ဆရာမများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ၅၃၀ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနလက်အောက်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကိုယ်ပိုင်အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများရှိ ဆရာအတတ်ပညာ သင်တန်းဆင်းလက်မှတ်မရရှိသေးသော ဆရာ ဆရာမများအတွက် ဆရာအတတ်ပညာသင်တန်းဆင်းလက်မှတ်ရရှိပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကိုယ်ပိုင်ကျောင်းဆရာများ ဖြစ်လာစေရန်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ရာ ဆရာ ဆရာမတို့အနေဖြင့် ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း၊ ယနေ့ကျောင်းသား ကျောင်းသူလူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များဖြစ်၍ အတန်းပညာများကို တတ်မြောက်ရုံသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလများနှင့် ပြည့်စုံနေရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ တပည့်များကို လူ့ဘောင်အဖွဲ့အစည်းအား ကောင်းကျိုးပြုနိုင်သော၊ နိုင်ငံတော်က အားထားရသော အဖိုးတန် လူကောင်း၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး သင်တန်းသားသင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ အလားတူ မေ ၂၃ ရက်က သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်တွင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လည်းကောင်း၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်တွင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက လည်းကောင်း ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းများအား ဆရာအတတ်ပညာဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပညာရေးဒီဂရီကောလိပ် ၁၈ ခုတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်

**မန္တလေး မေ ၂၄**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစား သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက်က မန္တလေး ချမ်းအေးသာစံရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အား/ကာသိပ္ပံ(မန္တလေး) မှ တာဝန်ရှိသူများ၊ မြန်မာဘောလုံး အကယ်ဒမီ ကျောင်းအုပ်ကြီးနှင့် အားကစား ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၀ ကျော်နှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်တန်းသားသင်တန်းသူများ၏ အားကစားသရုပ်ပြတင်ဆက်မှုအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ နွေရာသီအဆင့်မြင့် အားကစား သင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ရိုးရာလက်ဝှေ့၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ ဝူရှူး၊ ပြေးခုန်ပစ်၊ ဂျူဒို၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ ကျွမ်းဘား၊ အေရိုးဗစ်၊ Fitness Dance စသည့်အားကစားနည်း ၂၀ ပါဝင်ပြီး သင်တန်းသား သင်တန်းသူ ၁၅၀၀ ကျော်အား သတ်မှတ် အားကစားကွင်း၊ အားကစားခန်းမ၊ အားကစားရုံတို့၌ မေ ၂၂ ရက် မှ မေ ၃၁ ရက်အထိ အားကစားဆိုင်ရာ နည်းပြဆရာကြီးများ၊ လက်ရွေးစင်နည်းပြဆရာများ၊ နည်းစနစ်မှူးများက အခမဲ့ လေ့ကျင့်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

# ကရင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မေလအထိ သဘာဝဘေး ၂၈ ကြိမ်ဖြစ်ပွားခဲ့

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မေလအထိ သဘာဝဘေး ၂၈ ကြိမ် ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၁၂၄၈ စုအတွက် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စုစုပေါင်း ငွေကျပ် ၁၄၂၈၇၉၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း မေ ၂၃ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သဘာဝဘေးသည် ကြိုတင်မျှော်မှန်း၍မရဘဲ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့် အပိုင်း သုံးပိုင်းအား လုပ်ငန်းအဖွဲ့တစ်ခုချင်းစီအနေဖြင့် ထိထိမိမိ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရန် လိုကြောင်း၊ သဘာဝဘေးဖြစ်ပွားလေ့ရှိသည့် ကာလသို့ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့်နှင့်အညီ ရေးဆွဲထားသော ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းစီမံချက် (၂၀၂၃) အား ၂၀၂၃ ရေဘေးမှ အတွေ့အကြုံများအပေါ် အခြေခံကာ အသစ်ပြန်လည်ရေးဆွဲနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေးဖြစ်ပွားလာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင် စုဖွဲ့ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့၏ အတွင်းရေးမှူးများကသဘာဝဘေးမကျရောက်မီနှင့် ကျရောက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ရှင်းလင်းတင်ပြမှုများအပေါ် အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးမည်

**ဆင်ပေါင်ဝဲ မေ ၂၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံ၌ မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီးမှ အထူးကုဆရာဝန်များက ပြည်သူများအား မေ ၉ ရက်တွင် အခမဲ့ဆေးကုသပေးမည် ဖြစ်ကြောင်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်ရှိ ပြည်သူများအနေဖြင့် စာရင်းများပေးသွင်းလိုပါက မေ ၁ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ ပြင်ပလူနာဌာန၌ စာရင်းပေးသွင်းနိုင်ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီထံမှ သိရသည်။

**ခနဲ့ဝင်း (ဆင်ပေါင်ဝဲ)**

**ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူရည်ချွန်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆို



**နေပြည်တော် မေ ၂၄**

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၁၄၀၊ ဒသမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၁၄၀၊ ကောဒသမတန်း လူရည်ချွန် ကျောင်းသားကျောင်းသူ ၁၃၇ ဦး၊ ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၆၄ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်) သို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အိုးစည်ဒိုးပတ်အကအဖွဲ့များက စံပယ်ပန်းကုံးများစွပ်၍ ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များကို လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန် လူရည်မွန်များဖြစ်အောင် အမြဲတမ်း ဆက်လက် ကြိုးစားနေကြစေလိုပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုထုံးတမ်းဓလေ့များကို နှစ်သက်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်များ ရှင်သန်ခိုင်မာနေကြရန် လိုပါကြောင်း၊ အပန်းဖြေစခန်း အသီးသီးသို့ သွားရောက်ကြမည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးကိုအထူးဂရုစိုက်ကြရန်နှင့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာကြစေလိုပါကြောင်း၊ လူရည်ချွန်ထပ်ကွမ်းလူငယ်များ ဖြစ်အောင် ဆက်လက် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာဆရာမများသည် နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)တွင် တည်းခိုကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်မှာရှိတဲ့ ခမ်းနားထည်ဝါသပ္ပာယ်လှတဲ့ ဘုရား၊ စေတီတွေကို လူရည်ချွန်မောင်မယ်တွေနဲ့ အတူတူဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်

**မောင်စိုင်းရန်လင်းရွှေ (ကချင်ပြည်နယ်)**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ နဝမတန်းလူရည်ချွန် ၁၄၀၊ ဒသမတန်း လူရည်ချွန် ၁၄၀၊ ကောဒသမတန်း လူရည်ချွန် ၁၃၇ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ၁၃၇ ဦးစုစုပေါင်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၆၄ ဦးတို့သည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်နိုင်ရေးအတွက် နေပြည်တော်စုရပ်စခန်း၌ စုစည်းရောက်ရှိနေကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာလျက်ရှိကြသည်။

အဆိုပါ လူရည်ချွန်ကျောင်းသားကျောင်းသူများသည် ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် စေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်များအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အဦများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။



ဒေါက်တာကျော်လွင်



မောင်ဂျူးသက်ကို



မောင်စိုင်းရန်လင်းရွှေ



မထက်အိန္ဒြာ



မောင်ရန်နိုင်

**ဒေါက်တာကျော်လွင် (တာဝန်ခံ၊ နေပြည်တော်လူရည်ချွန်စုရပ်စခန်း)**

လူရည်ချွန်တွေဆိုတာက ဘက်စုံထူးချွန်တဲ့ကျောင်းသား ကျောင်းသူတွေဖြစ်ပါတယ်။ နောင်တစ်ချိန်မှာလည်း တိုင်းပြည်အတွက် အားကိုးအားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် လူရည်ချွန်တွေကို ဒီနေ့ညနေကစပြီး နေပြည်တော်က မာရဝိဇယဘုရားကြီးနဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးမြော်စေပြီး ၂၅ ရက်မှာဆိုရင် စစ်သမိုင်းပြတိုက်နဲ့ အမျိုးသားပြတိုက်တွေကို လေ့လာရေးပို့ဆောင်မှာဖြစ်ပါတယ်။ ၂၆ ရက်မှာတော့ နိုင်ငံတော်အကြီးအကဲရဲ့ဩဝါဒခံယူပြီး ၂၇ ရက်မှာတော့ လူရည်ချွန်အပန်းဖြေစခန်းအသီးသီးကို သွားရောက်ကြမှာ ဖြစ်ပါတယ်။ အခုလို တစ်နိုင်ငံလုံးက လာရောက်ကြတဲ့ လူရည်ချွန်တွေကို အခုလိုစုစည်းပြီးတော့ တာဝန်ယူ ဆောင်ရွက်ပေးရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**မောင်ဂျူးသက်ကို (ကောဒသမတန်း၊ လူရည်ချွန်နှစ်ထပ်ကွမ်း၊ မကွေးတိုင်းဒေသကြီး)**

လူရည်ချွန်ဖြစ်ဖို့ဆိုတာက ငယ်ငယ်ကတည်းက ကျောင်းစာဘာသာရပ်တွေအပြင် အားကစား စတဲ့ကဏ္ဍအလိုက် ကြိုးစားခဲ့ရတာပါ။ အခုလို ကြိုးစားခဲ့သမျှတွေ အမှန်တကယ်ဖြစ်လာခဲ့တဲ့အတွက်လည်း အလွန်ကိုဝမ်းသာမိပါတယ်။ အရင်နှစ်ကလည်း ကျွန်တော်က လူရည်ချွန်ဖြစ်ခဲ့ပြီး တောင်ကြီးမြို့နဲ့ အင်းလေးဒေသဘက်တွေကို လေ့လာရေးသွားခဲ့ရပါတယ်။ အခုသွားရမယ့် ငွေဆောင်ခရီးစဉ်မှာဆိုရင်လည်း အတွေ့အကြုံတွေ အများကြီးရလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ညီလေး၊ ညီမလေးတွေအနေနဲ့လည်း လူရည်ချွန်ဖြစ်ဖို့ ကြိုးစားစေချင်ပါတယ်။ လူရည်ချွန်ဖြစ်မယ်ဆိုရင် ဘဝအတွက်အခွင့်အလမ်းတွေ အများကြီးရရှိမှာဖြစ်ပါတယ်။ နေပြည်တော်မှာလည်း အခုလို အထင်ကရနေရာတွေကိုလိုက်လံပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ နေပြည်တော်မှာရှိတဲ့ ဘုရား၊ စေတီတော်မြတ်ကြီးတွေဟာ အလွန်ကို ခမ်းနားထည်ဝါပြီး ကြည်ညိုဖွယ်ရာကောင်းပါတယ်။ ဘုရားသမိုင်းတွေကိုလည်း အသေးစိတ်လေ့လာခွင့်ရတဲ့အတွက် အကျိုးရှိတဲ့လေ့လာရေးဖြစ်ခဲ့ပါတယ်။

**မောင်စိုင်းရန်လင်းရွှေ (နဝမတန်း၊ လူရည်ချွန်တစ်ထပ်ကွမ်း၊ ကချင်ပြည်နယ်)**

လူရည်ချွန်ဆိုတာက ကျွန်တော့်ဘဝမှာ အများကြီး မျှော်လင့်ကြိုးစားထားခဲ့ရတဲ့ အရာတစ်ခုဖြစ်ပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ဆိုတာ ကျောင်းစာတစ်ခုတည်း တော်နေရုံနဲ့ မရပါဘူး။ စိတ်ဓာတ်ပိုင်း၊ စာရိတ္တပိုင်း၊ ကာယပိုင်းနဲ့ အထွေထွေ ဗဟုသုတပိုင်းတွေမှာ ထူးချွန်ရပါမယ်။ အခု လက်တွေ့လူရည်ချွန်ဖြစ်လာတဲ့အပေါ်မှာလည်း လွန်စွာပျော်ရွှင်မိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူရည်ချွန်ညီအစ်ကိုမောင်နှမတွေနဲ့အတူ လေ့လာရေးခရီးထွက်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်အတွက် ဒေသန္တရဗဟုသုတအသစ်တွေလည်း ရရှိခဲ့ပါတယ်။ ဒီနေ့တော့ နေပြည်တော်မှာရှိတဲ့ ခမ်းနားထည်ဝါသပ္ပာယ်လှတဲ့ ဘုရား၊ စေတီတွေကို လူရည်ချွန်မောင်မယ်တွေနဲ့ အတူတူဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီကနေ သိရှိခဲ့ရတဲ့ အတွေ့အကြုံတွေကိုလည်း ကျွန်တော့်ဒေသရောက်ရင် ပြန်လည်မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

**မထက်အိန္ဒြာ (နဝမတန်း၊ လူရည်ချွန်တစ်ထပ်ကွမ်း၊ ကရင်ပြည်နယ်)**

ကျွန်မအနေနဲ့ ကရင်ပြည်နယ်ကိုယ်စားပြု လူရည်ချွန်အဖြစ် လေ့လာရေးလာရတဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ လူရည်ချွန်ဆိုတာကလည်း အလွန်ကိုဖြစ်ချင်နေတဲ့ အိပ်မက်တစ်ခုဖြစ်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ ကြိုးစားခဲ့ရတဲ့ ခရီးလမ်းဟာ တော်တော်ခက်ခဲခဲ့ပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ ကျောင်းစာတင်မကပဲ ဘက်စုံတော်အောင် ကြိုးစားခဲ့ရပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေမှာလည်း ကျွန်မလို လူရည်ချွန်တွေနဲ့ အတူတကွသွားရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ လူရည်ချွန်အချင်းချင်းလည်း အတွေ့အကြုံတွ မျှဝေကြတဲ့အတွက်လည်း ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ နေပြည်တော်မှာရှိတဲ့ လေ့လာစရာနေရာတွေ ဘုရားတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မောင်ရန်နိုင် (ဒွါဒသမတန်း၊ လူရည်ချွန်သုံးထပ်ကွမ်း၊ ရှမ်းပြည်နယ်)**

အခုလို လူရည်ချွန်မောင်မယ်များနဲ့အတူ ကျွန်တော့်ပြည်နယ်ကိုယ်စားပြု

*စာမျက်နှာ ၉ သို့*

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဧပြီ ၂၄**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြသည်။



ရှေးဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ တာဝန်ရှိသူက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း အုံ့မခန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ကျောက်စာရုံစေတီတော်နှင့်အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြကာ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များနှင့် စေတီတော်ရင်ပြင်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်သို့ သွားရောက်၍ ဆင်ဖြူတော်များကို လေ့လာကြည့်ရှုကြသည်။



လူရည်ချွန်ကျောင်းသား ကျောင်းသူများ နေပြည်တော်ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ဖူးမြော်လေ့လာကြည်ညိုကြစဉ်။

အဆိုပါ လူရည်ချွန် ကျောင်းသား ကျောင်းသူများအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၂ ဦး၊ ကရင်ပြည်နယ်မှ ရှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ၄၈ဦး၊မကွေးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၆၄ ဦး၊ မွန်ပြည်နယ်မှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ၈၀၊ ရှမ်းပြည်နယ်မှ ၈၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၆၄ ဦးနှင့် နေပြည်တော်မှ ၁၆ ဦး စုစုပေါင်း ၅၁၄ ဦးနှင့် ကြီးကြပ်သူ ၆၄ ဦး ပါဝင်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

*စာမျက်နှာ ၈ မှ*

လာရတဲ့အတွက် အလွန်ကိုဂုဏ်ယူမိပါတယ်။ ကိုယ့်မြို့နယ်၊ ကျောင်းနဲ့ ပြည်နယ်အတွက်လည်း ဂုဏ်ဆောင်ပြီးသား ဖြစ်စေပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက် မလွယ်ကူခဲ့ပါဘူး။ ဖွဲ၊ လုံ့လ၊ ဝီရိယပေါင်းစပ်ပြီး ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်က လူရည်ချွန် သုံးထပ်ကွမ်းဖြစ်တဲ့အတွက် နှစ်တိုင်းကို ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။

ကျွန်တော်တို့လို လူရည်ချွန်တွေကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ဒီလို လေ့လာရေး ခရီးစဉ်တွေကတစ်ဆင့် အတွေ့အကြုံအသစ်တွေ အများကြီး ရရှိလာမှာဖြစ်ပါတယ်။ အခုဆို နေပြည်တော်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အတွက်လည်း ရင်ထဲမှာ အတော်လေး အေးချမ်းမှုကို ရရှိခဲ့ပါတယ်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

## ကျွန်းစုမြို့၌ နွေရာသီ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**ကျွန်းစု ဧပြီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံအင်္ဂလိပ်စာသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး၊ အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာကြည့်တိုက်သို့ လာရောက်၍ မိမိတို့ဝါသနာပါသည့်အကြောင်းအရာများကို လေ့လာဆောင်ရွက်တတ်စေရန်၊ ဇလင်းတန်နှင့် ပြည့်စုံပြီး အတွေးအခေါ်မှန်ကန် ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဧပြီ ၂၄ ရက်မှ ၂၆ရက်အထိ သုံးရက်ကြာ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး မြို့ပေါ် ရပ်ကွက်များရှိ ကျောင်းသား ကျောင်းသူ ၂၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**





နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပုဇွန်ဆိပ်ကျေးရွာ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားတိရိစ္ဆာန်များ ခွာနာလျှာနာရောဂါထိန်းချုပ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၄ ရက် နံနက်ပိုင်းက ကျင်းပစဉ်။

(အဆိုပါ ဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ ထွေးကိုကို၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ငြိမ်းချမ်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဝင်းထွန်းနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာကြူကြူသင်းတို့က ခွာနာလျှာနာ FMD ရောဂါ ထိန်းချုပ်ရန် အင်္ဂါရပ်များ၊ ကာကွယ်ဆေးထိုးနှံပြီးသည့် ကျွဲ၊ နွားများအား နားကပ်တပ်ဆင်ခြင်းအရေးပါပုံနှင့် အကျိုးကျေးဇူးများကို ဟောပြောပြီး ကျွဲ၊ နွားတိရိစ္ဆာန်များ ခွာနာ လျှာနာရောဂါကာကွယ်နိုင်ရေးအတွက် FMD ကာကွယ်ဆေးများကို နွားအကောင်ရေ ၂၆ ကောင်အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။)

**သန်းသန်းနွယ်(ပုဗ္ဗ)**

# အသုံးမဝင် အကျိုးမရှိ

ကျော်မြင့်ထွန်း(ပါရီ)

လွယ်လွယ်ကူကူ အနှုတ္တသညာ ခေါ်စရာ အဖြစ် သူတို့ကို **“ငို့ဘသမားတွေ”** (အတ္တကြီးသူတွေ)လို့ပဲ ခေါ်လိုက်ပါရစေ။ သူတော်ကောင်းယောင်ဆောင်ထားတဲ့ ကြောင်သူတော်ကြွက်သူခိုး အဲဒီလူတွေ ဟာ တတိယကမ္ဘာ့နိုင်ငံတွေအပေါ် ဆရာကြီး လုပ်လိုက်၊ ဖိအားပေးလိုက် လုပ်နေကြတဲ့ ဂျီနီဗာနဲ့ နယူးယောက် မြို့ကြီးတွေမှာရှိတဲ့ ဆင်စွယ်နန်းတော် ကြီးတွေထဲက ပုဂ္ဂိုလ်ကြီးတွေပါပဲ။

သူတို့ဟာ တစ်ချိန်တစ်ခါက နာမည် တစ်လုံးနဲ့ ရပ်တည်ခဲ့ပြီးတဲ့နောက် အငြိမ်းစားဘဝမှာ ဆင်စွယ်နန်းတော် ကြီးတွေထဲ ရောက်လာကြသူတွေပါ။ ဒီလူတွေထဲက လူတစ်ယောက်ဟာ မြန်မာ-ထိုင်းနယ်စပ်ရှိ ကရင်နယ်မြေ အချို့သို့သွားရောက်ပြီးတော့ကောက်ကာ ငင်ကာဆိုသလိုပဲ **“မြန်မာပြည်သူတွေ ရဲ့ လိုအပ်ချက်တွေကို ကုလသမဂ္ဂက ဖော်ဆောင်မပေးနိုင်ဘူး”** လို့ တစ်ဖက် သတ်ပြောချလိုက်ပါတယ်။

## မှန်မှန်ကန်ကန် ဆုံးဖြတ်ချက် ချနိုင်မှာ မဟုတ်ပါ

ဒီလိုပြောဆိုချက်မျိုးဟာ အဓိပ္ပာယ်ရှိ ပါရဲ့လား၊ မှန်ကန်ပါရဲ့လား၊ ပညာရှိသူ တွေသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ချက် ချနိုင်မှာ မဟုတ်ပါလား၊ အငြိမ်းစား ယူထားတော့လည်း ရုံဖန်ရံခါ ပျင်းရိ ထိုင်းမှိုင်းနေမှာပေ့ါ။

အမှန်တရားကတော့ သည်လိုပါ...။

ကုလသမဂ္ဂဟာ ဟေတီပြည်သူတွေ အတွက် ကယ်တင်မပေးနိုင်ဘူး။ ငို့ဘ သမားတွေ ဟေတီမှာရှိနေတာ ဆယ်စု နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ငို့ဘ သမားတွေရဲ့ လေ့လာစောင့်ကြည့်မှု အောက်မှာပဲ ဟေတီပြည်သူတွေဟာ ငရဲကျနေသလို နေထိုင်နေကြရတယ်။ ဟေတီပြည်သူတွေကို သောကအပူမီး တွေနဲ့ ကင်ထားပါလိမ့်မယ်။

ကုလသမဂ္ဂဟာ ဆူဒန်ပြည်သူတွေ အတွက်လည်း ဖော်ဆောင်ပေးနိုင်ခြင်း မရှိဘူး မဟုတ်လား။ ငို့ဘသမားတွေ ဆူဒန်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိနေခဲ့ပြီးပြီ။

ကုလသမဂ္ဂဟာ တောင်ဆူဒန်မှာ လည်း ပြည်သူတွေအတွက် လုပ်မပေး နိုင်ခဲ့ဘူး မဟုတ်လား။ နိုင်ငံအဖြစ် ထူထောင်လိုက်ချိန်မှာ တောင်ဆူဒန်ဟာ သူတို့ရဲ့ ရင်သွေးငယ်မဟုတ်ဘူးလား။

ကုလသမဂ္ဂဟာဆိုမာလီပြည်သူတွေ အတွက်ရော ဘာများလုပ်ပေးနိုင်ပါလိမ့်။

ကုလသမဂ္ဂဟာလစ်ဗျားပြည်သူတွေ အတွက်ရော ဘာများဖော်ဆောင်ပေးနိုင် ခဲ့ပါလိမ့်။



**❍ သူတို့ရဲ့ “အန်ကယ်ကြီးတွေ” ပါဝင်ပတ်သက်နေတဲ့ ကိစ္စတွေဆိုရင်တော့ ဘာမှမလုပ်ကြတော့ဘဲ လက်ရှောင်နေကြရဲ့။ ဒီလိုအနေအထားမျိုးမှာ ဝေးဝေးကပဲ ဝေဖန်သမှုပြုမယ်။ ဖြစ်စဉ်အများအပြားမှာတော့ ရှေ့တိုးထိပ်တိုက် ရင်ဆိုင်ခြင်းမရှိဘဲ အနောက်ဆုတ်ပြီး ကုပ်ကုပ်လေးနေကြမယ်။ တိတ်တိတ်လေးနေကြမယ်။ လွတ်လပ်ရေး ကြေညာလိုက်တဲ့ ပါပူဝါနယူးဂီနီကိုတော့ သူတို့ အရေးစိုက်ကြတယ်။ ဒါကတော့ သူတို့ရဲ့ “အန်ကယ်ကြီးတွေ” ရဲ့ လုပ်ဆောင်ချက်နဲ့ မကင်းတာကြောင့်ပါ။ ဒီလို အခြေအနေမျိုးမှာ ဘာမှမဝေဖန်ဘဲ အရာရာကို မျက်လုံးစုံမှိတ် လက်ခံလိုက်ကြတယ်။ သို့ပေမယ့်လည်း တတိယကမ္ဘာနိုင်ငံတွေနဲ့ ဆက်ဆံတဲ့ အခါမှာတော့ အပေါ်စီးနဲ့ ခပ်ကျောကျော ပြုမူဆက်ဆံကြတော့တယ်**

ကုလသမဂ္ဂဟာ ဂါဇာပြည်သူတွေ အတွက်လည်း လုပ်ပေးရန် တာဝန် ပျက်ကွက်ခဲ့ပါတယ်။ ဖတ်စာအုပ်ထဲ မှာတော့ ဒီလိုဒီလိုပါ၊ ဟိုလိုဟိုလိုပါလို့ ပြောလေ့ပြောထရှိတဲ့ ငို့ဘသမားတွေ။ သင်းတို့ ဘယ်ရောက်နေကြပါလိမ့်။

ကျွန်တော်တို့ ဘာဆက်လုပ်ကြရ မှာလဲ။ လုပ်စရာတွေကို စာရင်းတို့ လိုက်မယ်ဆိုရင်တော့ ရှည်လျားထွေပြား လွန်းပါရဲ့။

သူတို့ရဲ့ **“အန်ကယ်ကြီးတွေ”** ပါဝင် ပတ်သက်နေတဲ့ ကိစ္စတွေဆိုရင်တော့ ဘာမှ မလုပ်ကြတော့ဘဲ လက်ရှောင် နေကြရဲ့။ ဒီလို အနေအထားမျိုးမှာ ဝေးဝေးကပဲ ဝေဖန်သမှုပြုမယ်။ ဖြစ်စဉ် အများအပြားမှာတော့ ရှေ့တိုးထိပ်တိုက် ရင်ဆိုင်ခြင်းမရှိဘဲ အနောက်ဆုတ်ပြီး ကုပ်ကုပ်လေးနေကြမယ်။ တိတ်တိတ် လေးနေကြမယ်။ လွတ်လပ်ရေး ကြေညာ လိုက်တဲ့ ပါပူဝါနယူးဂီနီကိုတော့ သူတို့ အရေးစိုက်ကြတယ်။ ဒါကတော့ သူတို့ရဲ့ **“အန်ကယ်ကြီးတွေ”** ရဲ့ လုပ်ဆောင်ချက် နဲ့ မကင်းတာကြောင့်ပါ။ ဒီလိုအခြေအနေ မျိုးမှာ ဘာမှမဝေဖန်ဘဲ အရာရာကို မျက်လုံးစုံမှိတ် လက်ခံလိုက်ကြတယ်။ သို့ပေမယ့်လည်း တတိယကမ္ဘာနိုင်ငံတွေ နဲ့ ဆက်ဆံတဲ့အခါမှာတော့ အပေါ်စီးနဲ့ ခပ်ကျောကျော ပြုမူဆက်ဆံကြတော့ တယ်။

## တတိယကမ္ဘာနိုင်ငံတွေအပေါ် အနိုင်အကျင့်ဆုံး

တစ်ဖက်သားကို အနိုင်မကျင့်ဖို့ ငို့ဘသမားတွေက လက်ချာရိုက်လေ့ရှိကြ တယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင်ကတော့ တတိယကမ္ဘာနိုင်ငံတွေအပေါ် အနိုင် အကျင့်ဆုံးပါ။ သူတို့ဟာ ကမ္ဘာမှာဆရာ အကျဆုံး အထက်ဖား - အောက်ဖိ ကြီးတွေပါပဲ။

ငို့ဘသမားတွေဟာ အခွင့်ထူးခံ အလုပ်အကိုင်တွေမှာ ရေပေါ်ဆီလို နေကြရတယ်။ ဒီစနစ်ပျက်ကြီးထဲမှာ နှစ်ပေါင်း ၂၀၊ ၃၀ ကြာအောင် နေထိုင် နေကြပြီး မထိရောက်တဲ့ စနစ်ကြီးကို ဝေဖန်ရှုတ်ချခြင်းလည်း မပြုကြဘူး။

ဒါပေမယ့်လည်း အဲဒီအဖွဲ့အစည်းက နုတ်ထွက်၊ ဒါမှမဟုတ် အငြိမ်းစားယူ သွားတဲ့အခါ သူတို့ကို ကျေးဇူးပြုခဲ့တဲ့ အဲဒီအဖွဲ့အစည်းကိုပဲ ပြန်ပြီးဝေဖန်ကြ တော့တယ်။ သူတို့မှာ ဘာကျင့်ဝတ်မှ မရှိကြပါဘူး။ သူတို့ဟာ သူတို့ကိုယ်သူတို့ ဖြောင့်မတ်စွာ ကျင့်သုံးသူတွေအဖြစ် ဂုဏ်တင်နေကြပြီး တတိယကမ္ဘာနိုင်ငံ တွေရဲ့ အပြစ်ကိုရှာပြီး ပြောဆိုလုပ်ကိုင် ကြတယ်။ ဒီလိုပြုမူနေထိုင်ကြရင်း အနာဂတ်ဘဝ အလုပ်အကိုင် အခွင့် အလမ်းတွေကို မျှော်ကိုးကြတယ်။ အတိုင်ပင်ခံရာထူးတွေ ထပ်ယူကြတယ်။ အကြံပေး သုခမိန်အဖွဲ့တွေ၊ နိုင်ငံအကျပ် အတည်း ဖြေရှင်းရေးအဖွဲ့တွေမှာ သူတို့ ဆက်ပြီး အလုပ်လုပ်ဖို့ အသင့်ရှိနေကြ တယ်။

မကြာသေးမီကတော့ အထူး သံတမန်တစ်ဦးကို ခန့်အပ်ခဲ့ပါတယ်။ မတူကွဲပြားသော နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ် တစ်ဦးကို ခန့်အပ်ခြင်းမှာ ထူးဆန်းနေပါ တယ်။ ဆစ်ဒနီမှသည် ဂျီနီဗာနဲ့ နယူး ယောက်အထိ ခရီးတစ်ပတ်မှာ မိုင်ပေါင်း ၁၀,၀၀၀ ခန့်ရှိပါတယ်။ လေကြောင်းခရီး မိုင်နဲ့ တွက်ကြည့်ရင် အများကြီးပါပဲ။ လှည့်ရိုးလှည့်စဉ် ဒေသဆိုင်ရာ ခရီးစဉ် တစ်ခုအတွင်းမှာ သက်ဆိုင်ရာ နိုင်ငံတွေ ရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ခွင့်ရဖို့ တောင်းဆိုကြပါမယ်။ ဒါပေမယ့်လည်း တတိယ ကမ္ဘာနိုင်ငံတွေဆိုရင်ဖြင့် ဒုတိယ လက်ထောက်အတွင်းဝန်လို ရာထူးနိမ့်တဲ့ တာဝန်ရှိသူတွေကိုပဲ တွေ့ဆုံဖွယ်ရှိပါတယ်။ မြန်မာ့အရေး အတွက် အရေးပါတဲ့ နိုင်ငံတွေရဲ့မြို့တော် တွေဆီ သူတို့သွားမယ်၊ မသွားဘူးဆိုတာ မရေရာပါ။ ဒီလို အခြေအနေမျိုး ဖြစ်ပေါ် ဖို့ကတော့ ခဲယဉ်းသား။

ပေကျင်းနဲ့ မော်စကိုတို့နဲ့ ထိတွေ့ ဆက်ဆံရာမှာတော့ သူတို့အတွက် စိန်ခေါ်ချက်ဖြစ်လိမ့်မယ်။ ဒါပေမယ့် ကိုယ်ကျိုးအတ္တကြီးသူတွေဟာ သွေးကြီး မောက်မာစွာနဲ့ အခြေအနေမှန်ကို မျက်ကွယ်ပြုတတ်ကြတယ်။

သမိုင်းကြောင်းကို လေ့လာကြည့် မယ်ဆိုရင်တော့ ကိုယ်ကျိုးအတ္တကြီးသူ တွေ ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခတွေ ဟာ ကျေနပ်လောက်တဲ့ ဖြေရှင်းချက် မထွက်ဘဲ၊ ငြိမ်းချမ်းရေးအဖြေမထွက်ဘဲ ဇာတ်မျောကြီးပဲ ဖြစ်သွားတယ်။ မှတ်မိ ရသလောက် ကာလအတွင်းမှာ သူတို့ ဖြေရှင်းနိုင်တဲ့ ပဋိပက္ခရှိခဲ့လို့လား။ ၂၀၂၄ ခုနှစ်အကုန်ထက် နောက်မကျဘဲ အမေ့နေရာရွှေ့ပြောင်းခံရ၊ ဒါမှမဟုတ် နိုင်ငံမဲ့ဖြစ်ရတဲ့ နိုင်ငံသားဦးရေ စံချိန် တင်ပါလိမ့်မယ်။ ပိုမိုလုံခြုံတဲ့ ကမ္ဘာကြီး ဖြစ်လာအောင် ငို့ဘသမားတို့ရဲ့ မဟာ အလုပ်ကြီးကို လုပ်ကြရပါမယ်။

ကိုယ်ကျိုး အတ္တကြီးသူတွေဟာ ကမ္ဘာကြီး ပိုမိုဘေးကင်းလာဖို့ မျှော်ကိုး ပြီး လုပ်ကြပါတော့။

သူတို့ဟာ တစ်ဖက်သတ်ဆန်တဲ့ တောင်းဆိုချက်တွေနဲ့ ဆုံးဖြတ်ချက်တွေ ကိုင်စွဲပြီး မြန်မာနိုင်ငံကို လာကြပါဦး မယ်။ မြန်မာ့ပြဿနာတွေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲလို့ စဉ်းစား ဆင်ခြင်မှုပြုမယ့်အစား သူတို့ပိုအကြိုက် တွေ့တဲ့ လစ်ဘရယ် အရေးအရာတွေကို အချိုပေါ်သကာလောင်းပြီး ထောက်ခံ ပြောဆိုကြလိမ့်မယ်။

**ကိုယ်ကျိုးအတ္တကြီးသူတွေ မြန်မာ နိုင်ငံနဲ့ ဝေးဝေးနေပေးကြပါ။ အဲဒီလို နေပေးခြင်းဖြင့် မြန်မာနိုင်ငံရဲ့ပြဿနာ တွေ မြန်မြန်ဖြေရှင်းနိုင်မှာပါ။ အခြား နိုင်ငံတွေရဲ့ ဖြစ်စဉ်သာဓကကို ထောက်ထားပြီး ကိုယ်ကျိုးအတ္တသမား တွေရဲ့လက်ထဲ မြန်မာပြည်သူတွေရဲ့ဒုက္ခ အတောမသတ် မဖြစ်ပါစေနဲ့။** ။



နိုင်ငံရေးအခြေအနေကြောင့် အစားအစာအတွက် ဒုက္ခရောက်နေသည့် ဟေတီပြည်သူများ။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် "ဗန္ဓုလဈေး" ဈေးရုံသစ်များ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် "ဗန္ဓုလဈေး" ဈေးရုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါဈေးသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဈေးရောင်းချသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက "ဗန္ဓုလဈေး" ဈေးရုံသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က "ဗန္ဓုလဈေး" ဈေးရုံသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဈေးသစ်အတွင်း ဈေးရောင်း၊ ဈေးဝယ်များ စနစ်တကျရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။



အဆိုပါ မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေးသစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ ဈေးရုံ လေးရုံနှင့် အလျား ပေ ၄၀၊ အနံ ၂၄ ပေရှိ စားသောက်ရုံသစ် တစ်ရုံကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ဂွေးချို)အတွက် သင်ကြားသင်ယူမှု ရှင်းလင်းဆွေးနွေး

**ချောက် မေ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ဂွေးချို) အတွက် သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်မည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်က လက်ရှိ ဖွင့်လှစ်ထားရှိသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ဆက်လက်ဖွင့်လှစ်သွားမည့် ကျောင်းများ၏ သတ်မှတ်ချက်မှုများ၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမည့် ဘာသာရပ်များ၊ အခွင့်အလမ်းများကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါရှင်းလင်းပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရစက်မှု၊ လက်မှုသိပ္ပံ(ချောက်)မှ ဌာနမှူးများ၊ အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်း(ဂွေးချို)မှ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

---

## ကြီးအုပ်-ညောင်ကုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းပြီးစီး

**မော်လမြိုင် မေ ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၇၈၉ သန်းဖြင့် ဆောင်ရွက်ခဲ့သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြီးအုပ်-ညောင်ကုန်းလမ်း ခုနစ်မိုင် လေးဖာလုံအနက် သုံးမိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းမှာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း လမ်းတံတားလုပ်ငန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း စသည်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ၂၈ ခုကို ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈၃ ဒသမ ၂၆၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်သွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

---

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၄**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် ဦးကျော်မျိုးထွန်း၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အဓိကတာဝန် ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်သင်ကြားရေး၊ စည်းမျဉ်းစည်းကမ်းများ၊ တည့်မတ်ရေး ကဏ္ဍများတွင် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ကို တာဝန်ခံဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လေ့ကျင့်သင်ကြားရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းအားလုံးအဆင့်အလိုက်၊ ကဏ္ဍအလိုက် လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကို ရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနိုင်ရေး ရည်ရွယ်ပြီး လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ပါကြောင်း၊ ရာထူးဝန်အဖွဲ့၏ ရွေးချယ်ရေးနှင့် ရာထူးတိုးမြှင့်ရေးလုပ်ငန်းစဉ်များသည်လည်း နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ် ခိုင်မာအားကောင်းလာစေရေး၊ အစိုးရ၏မူဝါဒများအား အကောင်အထည်ဖော်ရာတွင် ရုံးလုပ်ငန်းများတွင် ခါးဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ အားနည်းချက်၊ အားသာချက်များကို ဦးတည်၍ သုံးသပ်ဆွေးနွေးကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု၊ လက်ရှိ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်လုပ်ငန်းများ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၄**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော် (လေ) က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**လေ့ကျင့်သင်ကြားပေး**

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀ နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) က နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းတွင် သင်တန်းသား ၇၀၊ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မိတ္ထီလာသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မန္တလေးမြို့ရှိ မန္တလေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ ၅၀၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင် သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ကိုကိုးကျွန်းမြို့ရှိ ကိုကိုကျွန်းသင်တန်းစခန်းတွင် သင်တန်းသား ၃၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား သက်ဆိုင်ရာဘာသာရပ်အလိုက် နည်းပြများက သင်ကြားပို့ချပေးစဉ်။

# နတ်မောက်မြို့နယ် မြို့မပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၉၃၄၀၀ ပျိုးထောင်ထားရှိ

**နတ်မောက် ဧပြီ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနမှ နှစ်စဉ်ပျိုးပင်များ ပျိုးထောင်ထားရှိပြီး မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန်မျှတစေရေး၊ ဒေသခံပြည်သူများက စိုက်ပျိုးလိုသည့်နေရာများတွင် စိုက်ပျိုးနိုင်ကြစေရန် မြို့မပျိုးဥယျာဉ်တွင် ယူကလစ်၊ ရင်းမာ၊ စိန်ပန်းကြီး၊ ဆီသပြေ၊ ပိတောက်ပျိုးပင်များ ပျိုးထောင်ထားရှိပြီး ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

နတ်မောက်မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၂၀ အတွက် ပျိုးပင်ပေါင်း ၂၄၂၀၀ ကို စိုက်ပျိုးထားရှိပြီး ဝန်ထမ်းများက အပင်များ ရှင်သန်ကြီးထွားစေရန် ရေလောင်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ သဘာဝမြေသြဇာ ထည့်ပေးခြင်း နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ မဏိပူရ၌ ပေါက်ကွဲမှုများကြောင့် အရေးပါသည့် တံတားတစ်စင်းပျက်စီး



နယူးဒေလီ မေ ၂၄

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ် မဏိပူရ၌ မေ ၂၄ ရက်က ပေါက်ကွဲမှုသုံးခုထက်မနည်း ဖြစ်ပွားခဲ့သည်ဟု အရာရှိများက ပြောသည်။

ယင်းသို့ ပေါက်ကွဲမှုကြောင့် အရေးပါသည့် တံတားတစ်စင်း ပျက်စီးသွားကြောင်း အာဏာပိုင်များက ပြောသည်။ မေ ၂၄ ရက် အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကန်ပေါ့ကီခရိုင်ရှိ တံတားတစ်စင်း ပျက်စီးသွားခဲ့ရသည်။

ယင်းသို့ ပေါက်ကွဲမှုကြောင့် အင်ဖာမြို့နှင့် ဒီမာပူရမြို့တို့ကို ဆက်သွယ်ပေးထားသည့် အမျိုးသား အဝေးပြေးလမ်းမကြီး အမှတ်(၂)တွင် ယာဉ်အသွားအလာများ ထိခိုက်ခဲ့ရသည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောသည်။ သို့သော်လည်း ပေါက်ကွဲမှုကြောင့် မည်သူတစ်ဦး တစ်ယောက်မျှ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိချေ။ အခင်းဖြစ်ပွားသည့် နေရာကို ရဲများက ပိတ်ဆို့ထားပြီး အခြားသော တံတားများကိုလည်း ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေကြသည်။

ယင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို ယခုအချိန်အထိ မသိရသေးချေ။ တနင်္လာနေ့ညနေပိုင်းကလည်း ပဋိပက္ခဖြစ်ပွားနေသည့် အုပ်စုနှစ်စုကြား စေတနာ့ဝန်ထမ်းများနှင့် ရှန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်ဟု သိရသည်။

နှစ်ဖက်စလုံးက ပြင်းထန်သည့်လက်နက်များ အသုံးပြုကာ တိုက်ခိုက်ခဲ့ကြသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# ဂါနာနိုင်ငံ၌ ကလေးငယ်များ ကာကွယ်ဆေးထိုးနှုန်းကျဆင်း

အက္ကရာ မေ ၂၄

ဂါနာနိုင်ငံ၌ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေး အပြည့်ထိုးသည့် ကလေးဦးရေမှာ ကျဆင်းလာကြောင်း ဂါနာနိုင်ငံ၏ စာရင်းအင်းအချက်အလက် ဝန်ဆောင်မှုဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးရက်သတ္တပတ် မတိုင်မီ မေ ၂၃ ရက်က ယင်းသို့ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၄ လမှ ၃၅ လအတွင်း ကာကွယ်ဆေးအပြည့်ထိုးသည့် ကလေးအရေအတွက်မှာ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ၁၅ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု သိရသည်။

ကလေး ၅၇ ဒသမ ၆ ရာခိုင်နှုန်းမှာ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးအပြည့်မထိုးခဲ့ကြောင်း စာရင်းအင်းအချက်အလက်ဝန်ဆောင်မှု ဌာနက ပြောသည်။

ဂါနာနိုင်ငံ၏ အမျိုးသားအစီအစဉ်အရ အသက် ၂၄ လမှ ၃၅ လ အတွင်း ကလေးများမှာ ကလေးဘဝ အသက်အန္တရာယ်ပေးနိုင်သည့် ရောဂါများမှ ကာကွယ်နိုင်ရန် ကာကွယ်ဆေး ၁၂ မျိုးရရှိရန် လိုအပ်သည်။ နောင်လာမည့်မျိုးဆက်များကို ကာကွယ်ရန် နိုင်ငံတိုင်းအနေဖြင့် ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# အီသီယိုးပီးယားနိုင်ငံ၌ ဆောက်လက်စ အဆောက်အအုံပြိုကျ၊ ခုနစ်ဦး သေဆုံး

အဒစ္စအဘာဘာ မေ ၂၄

အီသီယိုးပီးယားနိုင်ငံ၏ မြို့တော်အဒစ္စအဘာဘာတွင် လူနေ အဆောက်အအုံပြိုကျမှုကြောင့် ခုနစ်ဦးသေဆုံးကြောင်း ဒေသ မီဒီယာက မေ ၂၄ ရက်တွင် ဖော်ပြထားသည်။

မေ ၂၃ ရက်ညပိုင်းက အိမ်တစ်အိမ်ပေါ်သို့ ဆောက်လက်စ အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ခုနစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်ကို နိုင်ငံပိုင်မီဒီယာက ကိုးကားဖော်ပြထားသည်။

အဆောက်အအုံပြိုကျမှုမှာ အီသီယိုးပီးယားနိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာရှိ လူနေရပ်ကွက်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာကမ်းမြောင်၌ ပါလက်စတိုင်းသေဆုံးသူ ၃၅၈၆၂ ဦးနှင့် ဒဏ်ရာရရှိသူ ၈၀၂၀၀ ဦးအထိ မြင့်တက်လာ

ဂါဇာ မေ ၂၄

အစ္စရေးနိုင်ငံ၏ ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဂါဇာ ကမ်းမြောင်တွင် ပါလက်စတိုင်းသေဆုံးသူအရေအတွက်မှာ ၃၅၈၆၂ ဦးအထိ မြင့်တက်လာကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက မေ ၂၄ ရက်တွင် ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူ ၇၉ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၈၆ ဦး ရှိသည့်အတွက် ယမန်နှစ် အောက်တိုဘာ ၇ ရက်က အစ္စရေး-ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက်ပိုင်း ပါလက်စတိုင်းသေဆုံးသူ ၃၅၈၆၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၈၀၂၀၀ ဦးအထိ မြင့်တက်လာခြင်း ဖြစ်ကြောင်း အဆိုပါအာဏာပိုင်များက ပြောသည်။ **ဆင်ဟွာ**



# ကင်ညာနိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် လူပေါင်း ၃၈ ဦးထက်မနည်းသေဆုံး

နိုင်ရိုဘီ မေ ၂၄

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ယခုအချိန်အထိ လူပေါင်း ၃၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး ပုံမှန်စီးပွားရေး လုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရုံသာမက ပိုင်ဆိုင်မှုအမြောက်အမြားဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် မိုးရွာပြီး ညတွင်းချင်းရေကြီးမှုကြောင့် တစ်ဦးသေဆုံးခဲ့ကာ ခြောက်ဦးပျောက်ဆုံးခဲ့သည်။

မြို့တော်၏တခြားနေရာများတွင် ဒေသခံများသည် နေအိမ်များ ရေမြုပ်ခြင်း၊ လမ်းများ ရေဖုံးလွှမ်းခြင်းနှင့် သစ်ပင်ပြိုကျခြင်းများကို ကြုံတွေ့ခဲ့ကြသည်။

လမ်းများ ရေကြီးနစ်မြုပ်ခြင်းကြောင့် တချို့ဒေသများသည် မြို့တော်နှင့် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့သည်။ အာသီမြစ်ရေကြောင့် ကီတန်ကီလာဒေသရှိ အဓိက တံတား တစ်စင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး စီးပွားရေးသမားများနှင့် ရုံးအလုပ်သမားများ သောင်တင်ခဲ့ရသည်။

မည်သည့်ယာဉ်မှ ကီတန်ကီလာဒေသမှ ထွက်ခွာခြင်းမပြုနိုင်သကဲ့သို့ လာရောက်ခြင်းလည်း မပြုနိုင်သေးကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဂျွန်ကီမီအူက ပြောသည်။

သီဘာမြစ် ရေလျှံမှုကြောင့် ကင်ညာနိုင်ငံအလယ်ပိုင်း ကီရင်ယာဂါခရိုင်တွင်လည်း မိသားစု ၆၀ ကျော် အိမ်များ ရေကြီး နစ်မြုပ်ခဲ့ပြီး အိုးမဲ့အိမ်မဲ့ဖြစ်ကာ စီးပွားရေး လုပ်ငန်းများလည်း နှောင့်နှေးကြန့်ကြာခဲ့သည်။



ကင်ညာနိုင်ငံတစ်ဝန်း ရေကြီးနစ်မြုပ်မှုများကြောင့် လူ ၃၈ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ကင်ညာကြက်ခြေနီ အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ရေကြီးခြင်းသည် အရေးပေါ်အခြေအနေမှ သဘာဝဘေးအန္တရာယ်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။

မတ်-ဧပြီ-မေ မိုးကြောင့် နိုင်ငံအတော်များများ ရေဘေးသင့်ခဲ့ပြီး အိမ်များရေလွှမ်းမိုးခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရခြင်း၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးခြင်း၊ စီးပွားရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခြင်း၊ လူများ အသက်ဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ကြောင်း လူသားချင်းစာနာထောက်ထားမှုအေဂျင်စီက ပြောသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၂၃ နိုင်ငံထက်မနည်း ရင်ဆိုင်ကြုံတွေ့ခဲ့ပြီး လူပေါင်း ၁၁၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ကင်ညာကြက်ခြေနီအဖွဲ့က ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

# တစ်တော့ခ်အသုံးပြုမှုကို ပိတ်ပင်နိုင်သည့် ဥပဒေကြမ်း အမေရိကန်လွှတ်တော်တွင် ထောက်ခံမဲပေး

ဝါရှင်တန် မေ ၂၄

နာမည်ကျော် လူကြိုက်များသည့် ဗီဒီယိုအက်ပလီကေးရှင်းဖြစ်သည့် တစ်တော့ခ်ကို အမေရိကန်တစ်နိုင်ငံလုံးအနှံ့ သုံးစွဲခွင့် ပိတ်ပင်နိုင်သည့် ဥပဒေကြမ်းကို အမေရိကန် လွှတ်တော်တွင် ထောက်ခံမဲပေးကြသည်။

အဆိုပါအက်ပလီကေးရှင်းမှာ အမေရိကန်၏လုံခြုံရေးအား ခြိမ်းခြောက်လာနိုင်မည်ကို လွှတ်တော်အမတ်များက စိုးရိမ်နေကြသည်။ အကယ်၍ အဆိုပါဥပဒေကြမ်း အတည်ပြုပြီးပါက တစ်တော့ခ်ကုမ္ပဏီ ByteDance သည် ရက်ပေါင်း ၂၇၀ အတွင်း အဆိုပါကုမ္ပဏီကို ရောင်းချခြင်းမပြုပါက တစ်တော့ခ်အသုံးပြုခွင့်ကို ပိတ်ပစ်သွားနိုင်သည်။ နောက်ဆုံးရက် သတ်မှတ်ချက်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နောက်ထပ် ရက်ပေါင်း ၉၀ သက်တမ်းတိုးနိုင်သည်။

အမေရိကန်နိုင်ငံတွင် အဆိုပါ အက်ပလီကေးရှင်းကို အသုံးပြုသူသန်းပေါင်း ၁၇၀ ရှိသည်။ ယင်းအက်ပလီကေးရှင်း အသုံးပြုမှု ပိတ်ပင်ခြင်းနှင့် ပတ်သက်၍ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကို ချိုးဖောက်သည်ဟု ဆိုကာ အချို့က အငြင်းပွားနေကြသည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲရဲတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့ဝင် ၁၁ ဦးကို ဖမ်းဆီးထိန်းသိမ်း

အစ္စတန်ဘူလ် မေ ၂၄

တူကီယဲရဲတပ်ဖွဲ့သည် နိုင်ငံအနောက်ပိုင်း အစ်ဇ်မီရ် ပြည်နယ်တွင် အိုင်အက်စ်အဖွဲ့ဝင် ၁၁ ဦးကို ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့သည် သံသယရှိသူ ၁၃ ဦးကို ဖမ်းဆီးရမိရေးအတွက် ပြည်နယ်တစ်ဝန်းရှိ နေရာ ၁၃ ခုကို တစ်ပြိုင်နက်စစ်ရေးဆောင်ရွက်မှု ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ လှုပ်ရှားဆောင်ရွက်မှုအတွင်း သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ကျန်နှစ်ဦးကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တူကီယဲအစိုးရသည် ၂၀၁၃ ခုနှစ်တွင် အိုင်အက်စ်ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာထားသည်။ တူကီယဲရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်မှုများကို ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ပုထိုးစမ်းကျေးရွာတွင် မြေပဲဈေးကောင်းရရှိ၍ မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် မကြီးကန်အုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို စိုက်ပျိုးကြပြီး မြေပဲသီးနှံကို စိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီးရက်ပေါင်း ၉၀ အကြာတွင် ရိတ်သိမ်းရပြီး စိုက်ပျိုးရာတွင် ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုစရိတ်များ မြင့်တက်လာပြီး မျိုး၊ မြေပြင်စရိတ်၊ လုပ်သားခ၊ သွင်းအားစုအပါအဝင် စုစုပေါင်း ကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် တင်း ၈၀ ခန့် ထွက်ရှိပြီး ဧပြီလ တတိယပတ်တွင် မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် လည်းကောင်း၊ မြေပဲဆန် တစ်တင်းလျှင် ကျပ် ၁၆၀၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲတောင့်များကို မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် သွင်းအားစုစရိတ်များ မြင့်တက်လာသော်လည်း မြေပဲတောင့်နှင့် မြေပဲဆန်များမှာ ဈေးကောင်းရရှိသောကြောင့် မြေပဲစိုက် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကာ အဆင်ပြေလျက်ရှိကြောင်း မြေပဲစိုက် တောင်သူတစ်ဦးထံမှ သိရှိရသည်။

DOCA (မကွေး)

## မအူပင်ခရိုင်၌ ငရုတ်သီးနှံ ဈေးနှုန်းဈေးကွက်တည်ငြိမ်

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးများကို အဓိကထား လုပ်ကိုင်ကြပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို ၄၀၅၅၇ ဧကစိုက်ပျိုးခဲ့ပြီး စုစုပေါင်း ၁၆၀၀၁၇၆၄ ဒသမ ၃၅ ပိဿာခန့် ထွက်ရှိခဲ့ကြောင်း၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူစသည့် မြို့နယ်များတွင် ငရုတ်သီးနှံများ တစ်ပြိုင်နက်လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ယခင်နှစ်က ငရုတ်ပွဲရုံများတွင် ငရုတ်သီးအမှည့် အစိုများကို အအေးခန်းကားများဖြင့် စနစ်တကျထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်အမှည့် အစိုများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ဈေးကွက်ရရှိမှု နည်းပါးလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ငရုတ်အမှည့်ခြောက်များ ပိုလျှံမှုများဖြစ်လျက်ရှိရာ ငရုတ်သီးဈေးနှုန်း ဈေးကွက်တည်ငြိမ်လျက်ရှိကြောင်း ငရုတ်ပွဲရုံများထံမှ သိရသည်။ ငရုတ်သီးနှံမှာ ပြည်ပဝယ်လိုအား နည်းပါးပြီး ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရသည့်အတွက် တောင်သူများအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်များရရှိကြောင်း သိရှိရသည်။

DOCA (ဧရာဝတီ)

## ဆောင်းကြက်သွန်နီများ စတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းကြက်သွန်နီ ၁၈၁၅ ဧက စိုက်ပျိုးထားရှိပြီး အမြိတ်ခြောက် ဆောင်းစိုက်ကြက်သွန်နီများ စတင်တူးဖော်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် ဆောင်းကြက်သွန်နီများကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဧပြီလဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကြက်သွန်နီတစ်ဧကလျှင် မျိုး၊ မြေပြုပြင်စရိတ်၊ ထွန်ယက်ခ၊ လုပ်သားခနှင့် သွင်းအားစုအပါအဝင် စုစုပေါင်း ကျပ်သိန်း ၄၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် ပိဿာချိန် ၄၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကြက်သွန်နီသီးနှံစိုက်တောင်သူများမှ ပွဲစားကုန်သည်များသို့ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၁၆၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆောင်းကြက်သွန်နီ စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရှိရသည်။

DOCA (မန္တလေး)

## ပြည် ပဲဈေးကွက်၌ ပဲကြီးသီးနှံဈေးကောင်းရ၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပဲဈေးကွက်၌ ပဲမျိုးစုံ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်ပဝယ်လိုအားကောင်းသော



ပဲများအပြင် ပြည်တွင်းစားသုံးမှု များပြားသော ပဲများဖြစ်သည့် ပဲကြီး၊ ကုလားပဲ၊ ပဲနီပြား၊ ပဲထောပတ် စသည့်သီးနှံများလည်း ဝင်ရောက်မှုများလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါပဲများအနက် ပဲကြီးသီးနှံမှာ ဈေးနှုန်းအမြင့်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဈေးကွက်၌ အခြားပဲများထက် ဈေးကောင်းရလျက်ရှိသော ပဲသီးနှံဖြစ်ကြောင်း သိရသည်။

ပဲကြီးသီးနှံကို မိုးနှောင်းကာလ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်ခဲ့ရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး ဈေးကွက်အတွင်း နေ့စဉ်ဝင်ရောက်မှုများရှိလာကာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခုကာလပေါက်ဈေးမှာ ရွှေကျွန်းတစ်တင်းလျှင် ကျပ် ၈၅၀၀၀ ဖြင့် လည်းကောင်း၊ ကမ်းနားတစ်တင်းလျှင် ကျပ် ၈၄၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်နှစ်ကာလတူအချိန်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက် ဈေးနှုန်းအနည်းငယ်ပိုမိုလာကြောင်း၊ ပဲကြီးသီးနှံအစိုနှင့် အခြောက်များမှာ ဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ပဲကြော်ဖိုလုပ်ငန်းရှင်များက အဓိကဝယ်ယူကြသည့်အတွက် ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

DOCA (ပဲခူး)

## ၂၄-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၆၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၆၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၇၇၀ | ၅၀၀၀ | ၂၇၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၄၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

# အကျိုးကျေးဇူးမျိုးစုံရရှိဖို့ စိုက်ပျိုးပြုစုထိန်းသိမ်းစို့

သစ်တောမောင်

### သစ်တောသစ်ပင် အကျိုးကျေးဇူးစုံလင်

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးဖြစ်စေရန် အထူးအရေးကြီးလှပါသည်။ စီးပွားရေးသက်သက် ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံ တစ်ပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ဒီရေတောအပါအဝင် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်နိုင်ပါသည်။ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု၊ ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးရှိပြီး အောက်ဖော်ပြပါအတိုင်း အမျိုးအစားခွဲခြားဖော်ပြကြပါသည် –

#### ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှုများ (Provisional Services)

- သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ မှို၊ ဆေးဖက်ဝင်ပင်များ၊ ဖာလာ၊ ဓနိ၊ သက်ငယ်၊ ရှားစေး၊ သစ်ခွများ အပါအဝင် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇ အရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားရေရိက္ခာများစသည့် ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ၊

#### ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ (Regulating Services)

- ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် သန့်စင်ခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ဖန်တီးပေးခြင်း စသည့် ဝန်ဆောင်မှုများ၊

#### ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (Cultural and Spiritual Services)

- အရိပ်နားခို၍ အပန်းဖြေနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပပြီး မျက်စိပသာဒဖြစ်စေခြင်း၊ ယုံကြည်မှု၊ ကိုးကွယ်မှုများအတွက် အထောက်အပံ့ပြုခြင်း၊ ရိုးရာဓလေ့များနှင့် ဆက်နွှယ်ခြင်း၊ တန်ဖိုးထားမှုနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေခြင်းစသည့် ဝန်ဆောင်မှုများ၊

#### ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့် ဝန်ဆောင်မှုများ (Supporting Services)

- မြေဆီအာဟာရ ဖြစ်ပေါ်မှုဖြစ်စဉ်များ၊ မြေဆီလွှာဖြစ်ပေါ်လာမှုဖြစ်စဉ်များ၊ မြေဆီလွှာထိန်းသိမ်းခြင်း ဖြစ်စဉ်အဆင့်ဆင့် အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို ချိတ်ဆက်ပေါင်းစပ်ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ၊

သစ်ပင်သစ်တောများက ထောက်ပံ့သော အကျိုးကျေးဇူးများကား များပြားလှပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူး အမျိုးမျိုးကို ဖော်ဆောင်ပေးနိုင်သဖြင့် လူတိုင်း၊ လူတိုင်း တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းမှအစပြု၍ မိမိတို့စွမ်းဆောင်နိုင်သလောက် သစ်ပင်များ စိုက်ပျိုးသင့်ပါသည်။

### ရာသီဥတုမျှတဖို့

“ဥတုရာသီ၊ တောကိုမှီ” ဆိုသကဲ့သို့ သစ်ပင် သစ်တောများသည် ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိပေးပါသည်၊ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင် ဖယ်ရှားပေးခြင်း၊ သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ပြန်လည်ထုတ်ပေးခြင်းဖြင့် အရေးကြီးသော ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှု လျော့ချခြင်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်စေရန် ထိန်းညှိခြင်းတို့ကို သစ်တောများမှ ဆောင်ရွက်ပေးပါသည်။ ရာသီဥတု မျှတကောင်းမွန်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ဆက်စပ်လျက်ရှိသော လုပ်ငန်းများ အဆင်ပြေကောင်းမွန်အောင် ပံ့ပိုးပေးသည့်အတွက် ဆက်စပ်လုပ်ငန်းကဏ္ဍအသီးသီးကလည်း သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းကို လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအလိုက်လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

### ရွှေပင်ငွေခက်၊ တောမှထွက်၏

သစ်တောများမှ ရွှေပင်၊ ငွေခက်များ ရသကဲ့သို့ တင်စားပြောဆိုခြင်းဖြစ်သည်။ သစ်တောများမှ အဖိုးတန် သစ်အမျိုးမျိုး၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ ပျားရည်၊ မှို၊ ချိပ်၊ ငှက်သိုက်၊ ဆေးဖက်ဝင်ပင် စသည့် သစ်တောထွက်ပစ္စည်းများကို ရရှိပါသည်။ မိမိတို့ အိမ်၊ အဆောက်အအုံ၊ ပရိဘောဂအမျိုးမျိုးနှင့် လယ်ယာသုံးသစ်များကို သစ်ပင်သစ်တောများမှရရှိပါသည်။ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်း၊ စုဆောင်းရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားစေသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေပါသည်။ သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ရရှိစေရန် စနစ်တကျ ထိန်းသိမ်းစီမံအုပ်ချုပ်ပြီး ထုတ်ယူသုံးစွဲကြရမည်ဖြစ်ပါသည်။

### သစ်ပင်စိုက်ပျိုး အလှတိုး

ပတ်ဝန်းကျင် သာယာစေဖို့၊ မျက်စိပသာဒဖြစ်စေဖို့၊ ရာသီဥတုမျှတစေဖို့ သစ်ပင်စိုက်ပျိုးခြင်းသည် အကောင်းဆုံး၊

*စာမျက်နှာ ၁၇ သို့*



၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်း ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးကြစဉ်။



မွန်ပြည်နယ် သထုံမြို့နယ်၏ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ၂၀၂၃ ခုနှစ် မေ ၂၀ ရက်က လိပ်အင်းရပ်ကွက်ရှိ အ.မ.က(စိန်ကုန်း)ကျောင်းဝင်းအတွင်း၌ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြစဉ်။

- **သစ်တောများရှိမှသာ သဘာဝရေဦး ရေထွက်များ၊ စိမ့်ရေစမ်းရေများ ရရှိနိုင်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် သဘာဝရေထွက်များ၊ စိမ့်ရေစမ်းရေများ ခန်းခြောက်ပျောက်ကွယ်ကြရသည်။ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိ**
- **သစ်စေ့မှ ပျိုးပင်တစ်ပင် ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်ပါသည်။ ဒေသမျိုးရင်း အဖိုးတန် သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာ ဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်**

*စာမျက်နှာ ၁၆ မှ*

ကုန်ကျစရိတ် အသက်သာဆုံး၊ အလွယ်ကူဆုံး၊ အရိုးရှင်းဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ အလှအပ မျက်စိပသာဒ ကောင်းမွန်စေပါသည်။ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစိုအပင်များတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်း အရောင်မျိုးစုံ၊ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာပြီး ရှုမငြီးနိုင်အောင် မျက်စိပသာဒ ဖြစ်ရပါသည်။

**"နွေ ထနောင်း၊ ဆောင်း မန်ကျည်း"** ဟု ဆိုရိုးရှိသည်နှင့်အညီ အညာဒေသများတွင် နွေအပူဒဏ်ခံနိုင်စေရန် ထနောင်းပင်များ၊ မန်ကျည်းပင်များကို လမ်းဘေးဝဲယာများ၊ အိမ်ခြံကွက်လပ်များ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများတွင် စိုက်ပျိုးကြပါသည်။ ရောင်စုံပန်းများ ဖူးပွင့်သောအပင်များ မဟုတ်သော်လည်း အညာဒေသ၏ ဒေသခံပြည်သူများအတွက် နွေ၊ မိုး၊ ဆောင်း နားခိုရာအပင်များဖြစ်သဖြင့် အထူးတန်ဖိုးထားကြသည့် အပင်များဖြစ်ပါသည်။ ထို့ကြောင့်လည်း **"သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ၏"** ဟု ဆိုခြင်းဖြစ်ပါသည်။ ကျေးရွာများနှင့် မြို့ပြများ၊ လမ်းဘေးဝဲယာနှင့် ကွက်လပ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်းသည် မျက်စိပသာဒလှပစေရုံသာမက သန့်ရှင်းလတ်ဆတ်သော လေများရရှိပြီး အပူချိန်ကိုလည်း လျှော့ချပေးနိုင်သဖြင့် မိမိတို့ ကျေးရွာ၊ ရပ်ကွက်အလိုက် အလှတိုးစေရန် သစ်ပင်များ စိုက်ပျိုးသင့်ပါသည်။

**စားရေရိက္ခာဖူလုံဖို့၊**
**စားပင်သီးပင် စိုက်ပျိုးစို့**

အရိပ်ရသော အပင်များကို စိုက်ပါက အရိပ်ရပါသည်။ အသီးစားရသော အပင်စိုက်ပျိုးပါက အသီးစားကြရပါသည်။ သစ်၊ ထင်းအတွက် ရည်ရွယ်ပြီးစိုက်က အချိန်တန်လျှင် သစ်၊ တိုင်၊ မျော၊ ထင်းတို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။ မိမိကျေးရွာ၊ အိမ်ခြံ၊ လယ်ယာပတ်လည်တွင် ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်၊ မာလကာ၊ သင်္ဘော၊ သီးဥသျှစ်၊ ဆီး၊ မရန်း စသည့် မိမိအရပ်ဒေသနှင့်ကိုက်ညီသော စားပင်သီးပင်များ စိုက်ပျိုးခြင်းဖြင့် မိမိတို့စားသုံးနိုင်ရုံသာမက မိတ်ဆွေများ၊ ရပ်ဆွေရပ်မျိုးများ လက်ဆောင်ပေးနိုင်ခြင်း၊ ပိုလျှံသော သီးနှံများ ရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားနိုင်ပါသည်။ မိမိအိမ်၊ လယ်ယာ၊ ကျေးရွာ၊ ရပ်ကွက် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သည့်အပြင် ရာသီအလိုက် သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့် တို့ကိုလည်း စားသုံးကြရပြီး စားရေရိက္ခာဖူလုံစေပါသည်။ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်ဆိုသကဲ့သို့ အပင်ကြီးငယ် ချုံ၊ နွယ်မရွေး သူ့နေရာနှင့်သူ အသုံးဝင်ပြီး ပတ်ဝန်းကျင်အတွက် အကျိုးများသဖြင့် နည်းများမဆို စိုက်ပျိုးသင့်လှပါသည်။

**စွမ်းအင်လည်းရ၊**
**ပြည်လည်းလှ**

လူတိုင်း အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း အစားအစာ ချက်ပြုတ်ကြော်လှော်ရန်၊ အနွေးဓာတ်၊ အပူဓာတ်ရရှိရန် ထင်း၊ မီးသွေးလောင်စာများကို အားပြုကြရသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်၊ ဂက်စ်၊ ဆိုလာ စသည့်စွမ်းအင်များလုံလုံလောက်လောက် သုံးစွဲနိုင်ရန် အကန့်အသတ်ရှိသဖြင့် မိရိုးဖလာ အစဉ်အလာအရ သုံးစွဲခဲ့သော ထင်း၊ မီးသွေး လောင်စာများကိုပင် အသုံးပြုကြရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ် ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့် မြို့ပြဒေသနေ ပြည်သူအများစုအတွက် နှစ်စဉ် ထင်းလိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့်ရှိပြီး ကျေးလက်နှင့် မြို့ပြနေ ပြည်သူများ၏ ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်း စွမ်းအင်သုံးစွဲမှုပမာဏ၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိ ရှိပါသည်။

**"သစ်တောသစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ"** စကားသည် လက်တွေ့ကျလှသည်။ ထင်းလောင်စာရရှိရေး သဘာဝတောများကိုသာ အားကိုးအားထားမပြုဘဲ လောင်စာစွမ်းအင်ဖူလုံဖို့ သစ်ပင်များ စိုက်ပျိုးဖို့ လိုအပ်ပါသည်။ မိမိတို့ကိုယ်တိုင် လယ်ယာ၊ အိမ်ဝင်းခြံနှင့် ခြံစည်းရိုးများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထု လောင်စာစွမ်းအင်များ ရရှိနိုင်ပြီး သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**ရေကြည်ချမ်းမြ သစ်တောမှရ**

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝ အရင်းအမြစ်တစ်ခုဖြစ်သည်။ အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတ ဖြစ်သည်။ ထို့ကြောင့် **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်"** ဟု ဆိုကြ၏။ **"ရွှေကိုမလို၊ ရေကိုသာလိုသည်"** ဟု ဆိုကြသည်။ ရေသယံဇာတသည် သစ်ပင်သစ်တောများမှ အထောက်အပံ့ပြုသည့် အလွန်အဖိုးတန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

သစ်တောများရှိမှသာ သဘာဝရေဦး ရေထွက်များ၊ စိမ့်ရေစမ်းရေများ ရရှိနိုင်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် သဘာဝရေထွက်များ၊ စိမ့်ရေစမ်းရေများ ခန်းခြောက်ပျောက်ကွယ်ကြရသည်။ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့်သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများ ဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်းဖြစ်သည်။ သစ်တောများသည် သဘာဝ ရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်းဖြင့် လူနှင့်သက်ရှိများကို အကျိုးပြုလျက်ရှိသဖြင့် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။



ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဝန်ထမ်းများနှင့် သင်တန်းသူများက စုပေါင်းစိုက်ပျိုးပေးကြစဉ်။

**ဇီဝမျိုးစုံ၊ တောမှာစုံ**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်နှင့်တိရစ္ဆာန်မျိုးရင်းမျိုးစိတ်များ၊ ဇီဝမျိုးအရင်းအမြစ်များ ၎င်းတို့အချင်းချင်း အပြန်အလှန် ဆက်စပ်မှုများဖြစ်ပါသည်။ သက်ရှိများ ရှင်သန်ဖို့ အပင်၊ တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲတို့ အပြန်အလှန် အမှီသဟဲပြုကြရပါသည်။ လူသားများ ရှင်သန်ရပ်တည်ရေးအတွက်လိုအပ်သော အစားအစာ၊ ဆေးဝါး၊ နေရာထိုင်ခင်း၊ အဝတ်အစားတို့အတွက် ဇီဝမျိုးစုံမျိုးကွဲများက ထောက်ပံ့ပေးပါသည်။ သစ်ပင်၏ အရွက်၊ အသီး၊ အခေါက်၊ အမြစ်စသည့် အစိတ်အပိုင်းများကို အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ နေထိုင်စရာတို့အဖြစ် ဖန်တီးထုတ်လုပ်ပေးပါသည်။ အပင်မျိုးရင်းမျိုးစိတ်အမျိုးမျိုး၊ အသား၊ ငါးအမျိုးမျိုးတို့ကို စားသောက်ပြီး လူသားများရှင်သန်ကြရပါသည်။

ကျေးငှက်၊ တိရစ္ဆာန်များက အပင်ဇီဝမျိုးစုံကြွယ်ဝရန် ဝတ်မှုန်ကူးခြင်း၊ သစ်ဥသစ်ဖု သစ်စေ့များကို စားသောက်ပြီး သစ်စေ့များကို နေရာဒေသအသီးသီးသို့ ဖြန့်ကြက်သယ်ဆောင်ပေးခြင်းဖြင့် ကူညီပေးကြသည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေနေသတ္တဝါများအတွက် နေရင်းဒေသ၊ သားပေါက်ပျော်မွေ့ရာနေရာ ဖြစ်ပါသည်။ **"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားခို"** ဆိုသကဲ့သို့ သစ်ပင်များဖြင့် ဖွဲ့စည်းထားသည့် တောတောင်စိမ့်စမ်းများသည် တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံတို့အတွက် ပျော်မွေ့ရာ၊ ကျင်လည်ကျက်စားရာ နေရာဒေသများဖြစ်ပါသည်။ ကြွယ်ဝသည့် ဇီဝမျိုးစုံမျိုးကွဲများကို သစ်ပင်သစ်တောပေါများထူထပ်ရာတွင် စုံစုံလင်လင် တွေ့နိုင်သဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ် လျော့ပါးဖို့**

သစ်ပင်သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှု၊ မြေတိုက်စားမှုများကို အကာအကွယ်ပေးနိုင်ပါသည်။ သစ်ပင်သစ်တောများ၊ ဒီရေတောများကြောင့် မြစ်ချောင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် ကျေးရွာ၊ ရပ်ကွက်မြို့ရွာများ၊ မြို့များ လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ် လျော့ပါးသက်သာစေပါသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကို တဖြည်းဖြည်းချင်းလွှတ်ထုတ်သဖြင့် ရေကြီးမှုကို လျော့နည်းစေပါသည်။ ကမ်းရိုးတန်းများ တည်ငြိမ်စေပါသည်။ အနည်အနှစ် အစိုင်အခဲများကို စစ်ထုတ်ပေးခြင်းဖြင့် ရေကို သန့်စင်ကြည်လင်စေပါသည်။

သစ်မြစ်များက မြေစိုင်မြေခဲ မြေသားများကို ရစ်ပတ်တုပ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီလွှာ ရေတိုက်စားခြင်းတို့ကို ကာကွယ်ပေးပါသည်။ သစ်ပင် သစ်တောများကြောင့် လူသားနှင့် သက်ရှိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ အကာအကွယ်ပေးနိုင်ခဲ့သည့် သာဓကများစွာရှိခဲ့ပါသည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို **"သဘာဝ အစိမ်းရောင် တံတိုင်းကြီးများ"** ဟု တင်စားခေါ်ဝေါ်ကြပြီး ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးသည့် သဘာဝကို အခြေခံသောနည်းလမ်း (Nature-based Solution) တစ်ရပ်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**ထာဝရကုသိုလ် ရရှိလို**

သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏။ ထာဝရကုသိုလ်ခြောက်ပါးဆိုသည်မှာ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (အာရာမရောပဒါန)၊ အရိပ်ရအပင် စားသုံးပင် စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း (ဝန ရောပ ဒါန)၊ တံတားခင်း လမ်းဖောက်လှူဒါန်းခြင်း (သေတုကာရကဒါန)၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်းရေကန်၊ ရေမြောင်းများတူး၍ လှူဒါန်းခြင်း(ဥပဒါန)၊ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ် နားနေရိပ်သာ၊ ဆေးရုံဆေးခန်း စသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း (ဥပဿယဒါန) တို့ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကို ရရှိခံစားနိုင်မည်ဖြစ်သဖြင့် ကုသိုလ်ရေးရှုထောင့်မှ ကြည့်လျှင်လည်း သစ်ပင်စိုက်ပျိုးခြင်းသည် အလွန်အကျိုးကျေးဇူးများသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

**အကျိုးကျေးဇူးမျိုးစုံရရှိဖို့၊**
**စိုက်ပျိုးပြုစုထိန်းသိမ်းစို့**

သစ်ပင်စိုက်ရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ဖို့ အလွန်အရေးကြီးလှပါသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင် ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်ပါသည်။ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်နိုင်ရန် ကမ်းရိုးတန်းဒေသများတွင် ဒီရေတောသစ်မျိုးများ စိုက်ပျိုးရာတွင်လည်း ဒီရေအဝင်အထွက်ရှိသည့် နေရာဖြစ်ရန် လိုအပ်ပြီး ရာသီဥတု၊ ဒီရေအတက်အကျ၊ ဆားငန်ရေရရှိမှု၊ မြေဆီလွှာအခြေအနေနှင့် ကိုက်ညီသည့်သစ်မျိုးများ ရွေးချယ်စိုက်ပျိုးကြရမည် ဖြစ်ပါသည်။

သစ်ပင်ရှင်သန်အောင် စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်းကြီးအောင်ပြုစုရန်၊ မြဲအောင်ထိန်းသိမ်းရန် ခက်ခဲပါသည်။ အပင်တိုင်းအပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင်ဖာထေးခြင်း၊ ကျွဲ၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်များ ဖျက်ဆီးမှုမရှိစေရေး ကာကွယ်ခြင်း လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီး အပင်များကို ကြီးအောင်ပြုစုနိုင်လိမ့်မည်၊ မြဲအောင်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ သစ်ပင်များက ပေးစွမ်းသော အကျိုးကျေးဇူးမျိုးစုံကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ မကြာမီ လာမည့် မိုးရာသီအကြိုနှင့် မိုးရာသီကာလများတွင် မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးနိုင်ရန် အပင်မျိုးမှန်၊ နည်းစနစ်မှန်၊ အချိန်မှန်၊ ပြုစုစောင့်ရှောက်မှု မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ပါသည်။ ။

# နတ်မောက်မြို့တွင် လမ်းသွားလမ်းလာများနှင့် ဒေသခံပြည်သူများကို နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နှင့် မြို့သစ်မြို့အကြားရှိ လမ်းဆုံတွင် လမ်းသွားလမ်းလာ လူငယ် ၂၀ ခန့်ကို ဧပြီ ၂၃ ရက်က အကြောင်းမဲ့ တားဆီးစစ်ဆေးပြီး စစ်မှုထမ်းဆောင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ကွင်းကြီးကျေးရွာ၊ အောင်သာကျေးရွာ၊ သီးချောင်းကျေးရွာနှင့် ထနောင်ကုန်းကျေးရွာတို့မှ လူငယ်များကို နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်




လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းသွားလမ်းလာများနှင့် ဒေသခံလူငယ်များကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက်သမားများ ဝင်ရောက်ခိုလှုံမှု မရှိစေရန်နှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် ရပ်ရွာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အတူပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးအရ စစ်ဆေးဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် စိုးရိမ်ထိတ်လန့်စေရန် အတွက်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နိုင်ငံသူ နိုင်ငံသားများ စစ်ပညာတတ်ကျွမ်း နားလည်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ကြမည်ကို အကြမ်းဖက်သမားများနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ကြောက်ရွံ့ထိတ်လန့်နေသည့်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (က) တွင် ပထမအကျော့ပွဲအားလုံး အနိုင်ရထားသည့် ရန်ကုန်အသင်းက ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခြေအနေအကောင်းဆုံး ဖြစ်နေပြီး ဒုတိယအကျော့အဖွင့်ပွဲကိုလည်း အုပ်စုအောက်ဆုံးမှ ရွှေပြည်သာအသင်းနှင့် ကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲဆက်ဖွယ်ရှိနေသည်။ ပထမအကျော့ တွေ့ဆုံမှုတွင် ရန်ကုန်အသင်းက ရွှေပြည်သာအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။ မဟာယူနိုက်တက် အသင်းသည် ပထမအကျော့ နောက်ဆုံးပွဲတွင် ရန်ကုန်အသင်းကို အရေးနိမ့်ခဲ့သဖြင့် သုံးမှတ်ကွာဟသွားပြီး ဒုတိယအကျော့ပွဲများတွင် ရလဒ်ကောင်းရယူနိုင်မှသာ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ ပထမအကျော့ တွေ့ဆုံမှုတွင် မဟာယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရထားသည်။

ပထမအကျော့ အပြီးတွင် အုပ်စု (က) ၌ ရန်ကုန်အသင်းက ၁၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ကိုးမှတ်၊ GFA အသင်းက ခြောက်မှတ်၊ တက္ကသိုလ်အသင်းက သုံးမှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ခွင့် တစ်နေရာအတွက် ရန်ကုန်အသင်းက အခြေအနေအကောင်းဆုံး ဖြစ်နေပြီး မဟာယူနိုက်တက် အသင်းမှာမူ ဒုတိယအခွင့်အရေးရှိနေကာ ကျန်အသင်းများမှာမူ အမှတ်ပြတ်နေသဖြင့် အခွင့်အရေးနည်းပါးလျက်ရှိသည်။

**ကိုညီလေး**
**ဓာတ်ပုံ - MNL**

# ဘက်ရဲမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေးပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

ကြံခင်း ဧပြီ ၂၄

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များက ဘက်ရဲမြို့အမှတ် (၁) ရပ်ကွက် မော်ကွန်းသစ်စက်သုံးဆီအရောင်းဆိုင်တွင် ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်



များ ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

သရုပ်ပြလေ့ကျင့်မှုများကို ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်ကဦးဆောင်၍ သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် စက်သုံးဆီဆိုင်ဝန်ထမ်းများပူးပေါင်း၍ ဆီသိုလှောင်ကန်များ၊ ဆီသယ်ယာဉ်များ မီးလောင်မှုဖြစ်ပွားပါက လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးနှင့် အနီးပတ်ဝန်းကျင်သို့ မီးမကူးစက်နိုင်ရန်အတွက် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ပူးပေါင်းသရုပ်ပြ လေ့ကျင့်ဆောင်ရွက်သည်။ (ဓါပုံ)

ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနသည် မြို့ပေါ်ရပ်ကွက်များရှိ သာသနိကအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဈေးများ၊ စာသင်ကျောင်းများ၊ တည်းခိုခန်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ လူနေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် လိုက်လံစစ်ဆေးအကြံပြုသတိပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရောဦးသာ (မြန်အောင်)**

✻ *ကျော့ဖုံးမှ*

ဆီမီးဖိုင်နယ်မှ မန်စီးတီးအသင်းကို ရှုံးနိမ့်မှုအား ချေဖျက်ရန် ခြေကုန်ထုတ်လာသော်လည်း ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများကို အသင်းတိုက်စစ်ကစားသမားများ ဖြုန်းတီးပစ်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရပြီး ရှုံးပွဲဆက်လက်ကြုံတွေ့ခဲ့သည်။

အာဆင်နယ် တိုက်စစ်ကစားသမား ဟာဗက်ဇ်နှင့် ခံစစ်ကစားသမား ဘင်ဝှိုက်တို့ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးစီ ရယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ထရိုဆတ်၊ ဘင်ဝှိုက်နှင့် ဟာဗက်ဇ်တို့က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့သည့်အတွက် ၃၄ ပွဲကစားပြီး ရမှတ် ၇၇ မှတ်အထိ စုဆောင်းထားနိုင်ပြီ ဖြစ်သည်။

**အောင်ဇော်**



ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက သစ်တိုချောင်းကျေးရွာအုပ်စု ကုလားကြီးချောင်းကျေးရွာရှိ နွေမိုးဆောင်း စက်သုံးဆီ အရောင်းဆိုင်၌ ဧပြီ ၂၄ ရက်က မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဝန်ထမ်းများကို မီးငြိမ်းနည်းလက်တွေ့သရုပ်ပြသဆောင်ရွက်စဉ်။

မိုးစက် (ဘိုကလေး)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၄-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၅၀ ကျပ် | ၂၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၈၇၆ | ၇၇၉၈၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၆၆၀၄ | ၁၈၅၉၁၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇ | ၅၆၀၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၂၆၁ | ၃၃၉၁၅၀၀ |
| TMH | ၃၁၀၀ | ၃၀၅၀ | ၆၆ | ၂၀၄၅၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၂၉ | ၄၉၃၀၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၁ | ၄၆၀၀ |
| MAEPC | ၂၀၅၀ | ၂၀၅၀ | ၁၃၂၇ | ၂၇၆၅၈၅၀ |

## ကျောက်ဆည်မြို့
## မဟာရွှေသိမ်တော်မြတ်စွာဘုရား
## ရွှေသင်္ကန်းကပ်လှူရန် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေသိမ်တော်မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးနှင့် ဝဲ/ယာ အရံ ရုပ်ပွားတော်(၂)ဆူအား ရွှေသင်္ကန်းကပ်လှူရန် (၂"x၂") ပတ်လည် အရွက်(၁၀၀)ပါ ရွှေဆိုင်း(၁၀၀)ဆိုင်းဝယ်ယူရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့်ဈေးနှုန်း အဆိုပြုလွှာများအား (၂၄-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက်၊ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါ ပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ်၁၀၀၀၀/- နှုန်းဖြင့်ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) ဝယ်ယူမည့်ရွှေဆိုင်း - (၂"x၂") မျက်ပါးရွှေဆိုင်း (၁၀၀)ဆိုင်း

(ခ) လျှောက်လွှာတင်သွင်းရမည့်ရက် - (၂၄-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက် အထိ ရုံးချိန်အတွင်း

(ဂ) ဈေးပြိုင်လေလံ/တင်ဒါပွဲကျင်းပမည့်ရက် - ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၇)ရက်၊ - (၃၀-၄-၂၀၂၄)ရက်

(ဃ) ကျင်းပမည့်နေရာ - ရွှေသိမ်တော်ဘုရားဓမ္မာရုံ

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**မဟာရွှေသိမ်တော်မြတ်စွာဘုရား**
**ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ**
**ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၉-၆၈၈၀၀၄၇၀၀၊ ၀၉-၄၀၂၆၉၉၄၂၉**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## သဃၤန်းကျွန်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သဃၤန်းကျွန်းခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူ ဆောင်ရွက်မည့် လမ်း/တံတား၊အဆောက်အအုံ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသောလမ်းခင်း ပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် နေ့ရက်/နေရာ** - ၂၆-၄-၂၀၂၄ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သဃၤန်းကျွန်းခရိုင်

၃။ **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၇-၅-၂၀၂၄ရက်(အင်္ဂါနေ့) (ရုံးချိန်အတွင်း)

၄။ **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/အချိန်** - ၉-၅-၂၀၂၄ရက် (ကြာသပတေးနေ့) (နံနက်၁၀နာရီ)

**တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** - လမ်းဦးစီးဌာန၊သဃၤန်းကျွန်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သဃၤန်းကျွန်းခရိုင်၊ ရန်ကင်း(၁၂)လုံးတန်း၊ တိုက်(၂၀၃)နောက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၉၆၈၄၄၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊လှည်းကူးခရိုင်
## (၁/၂၀၂၄-၂၀၂၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်မှာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် ရက်/အချိန်** - ( ၂၆ - ၄ -၂၀၂၄ )ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်** - (၈-၅-၂၀၂၄) ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

၄။ **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - (၉-၅-၂၀၂၄) ရက် (ကြာသပတေးနေ့) နံနက် (၁၀: ၀၀ )နာရီ

၅။ **တင်ဒါတင်သွင်းစိစစ်ဖွင့်လှစ် ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊လှည်းကူးခရိုင်**
**ဖုန်း-၀၁-၈၆၂၈၃၁၄**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)
## ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်
## ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် (စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူ စက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိရန်ကုန်နည်းပညာတက္ကသိုလ်၊ နေပြည်တော်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မန္တလေး) တို့တွင် ၂၃-၄-၂၀၂၄ ရက်မှ ၆-၅-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၉-၄-၂၀၂၄ ရက်မှ ၇-၅-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သော တက္ကသိုလ်များတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၄၅၂၀၄၅၁၀၈ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ နေပြည်တော်နည်းပညာတက္ကသိုလ်နှင့် ၀၉-၂၅၆၁၂၉၈၆၈ နည်းပညာတက္ကသိုလ်(မန္တလေး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အင်းစိန် ခရိုင်

လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၆-၄-၂၀၂၄ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၄ ရက်၊ (ရုံးချိန်အတွင်း)
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၇-၅-၂၀၂၄ ရက်၊ (ရုံးချိန်အတွင်း)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၅-၂၀၂၄ ရက်၊ နံနက် ၁၀:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး

တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်တွင် ၂၆-၄-၂၀၂၄ရက် (ရုံးချိန်အတွင်း) မှ စတင်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့ ဖုန်း-၀၉-၄၅၀၀၂၀၆၁၀၊ ၀၉-၇၉၆၅၄၆၂၂၈**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေး လုပ်ငန်းများရှိ စက်ယန္တရားများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်း အမျိုးအစား(၄)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| Lot(1) | Spare Parts for Kobelco BM 500 Crawler Crane (50 Ton)(Undercarriage) | (2)Set | China |
| Lot(2) | Spare Parts for Fushun QUY 50A Crawler Crane (50 Ton)(Undercarriage) | (1)Set | China |
| Lot(3) | Spare Parts for Hitachi KH 150–3 Crawler Crane (40 Ton) (Undercarriage) | (2)Set | China |
| Lot(4) | Kelly Bar (17 m) with Swivel for Soilmec RT3ST | (1)Set | China |

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၄ ရက် (၁၀:၀၀)နာရီ

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၀-၅-၂၀၂၄ ရက် (၁၅:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံအသိပေးအကြောင်းကြားပါမည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ(စက်မှု)၊ နေပြည်တော် ဖုန်း-၀၉-၅၁၄၇၁၂၉၊ ၀၉-၅၀၀၇၀၅၄၊ ၀၉-၇၉၈၃၁၃၂၅၇၊ ၀၉-၄၄၈၈၉၉၂၇၇၊ ၀၉-၅၀၉၁၄၄၉ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ
## တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက် တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများ ထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ် မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၃၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၆-၄-၂၀၂၄)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **" နွေပန်းဆို "** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၆-၄-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နွေအလွမ်း | ပြင်ပအဆိုရှင် |
| ၂။ | တောင်ပြာတန်းကချစ်ရက်တွေ | ပြင်ပအဆိုရှင် |
| ၃။ | အညာပုံပြင် | ပြင်ပအဆိုရှင် |
| ၄။ | နွေရာသီ/အညာနွေ | တူယှဉ်ရွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | တစိမ့်စိမ့်ရင်ထဲမယ် | တူယှဉ်ရွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | မမမန်းကေသီ | ပြင်ပအဆိုရှင် |
| ၇။ | အစမ်းသပ်ခံအသည်းနှလုံး | ပြင်ပအဆိုရှင် |
| ၈။ | သုံးရာသီချစ်သူ | ပြင်ပအဆိုရှင် |
| ၉။ | ပက်စီကိုလာ | ဌာနအဆိုရှင် |
| ၁၀။ | ရင်သို့တိုးဝှေ့ဆဲပါနိုင် | တူယှဉ်ရွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၁။ | နွေဦးပြ | ပြင်ပအဆိုရှင် |

## စထာပါနာ လီမိတက် SATHAPANA LIMITED

### ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ (၂) ဦး ခန့်အပ်ခြင်း

**SATHAPANA Limited** ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် ("ကုမ္ပဏီ" နှင့် ၎င်း၏ လုပ်ငန်းခွဲမျိုးတို့နှင့်အတူ "MARUHAN Investment Asia Pte., Ltd") မှ ရှယ်ယာရှင်များအား (၂၄) ရက်၊ ဇန်နဝါရီလ၊ ၂၀၂၄ ခုနှစ်မှစ၍ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်ပြောင်းလဲမှုများကို လေးစားစွာ တင်ပြအပ်ပါသည်။

**အကြောင်းအရာ ။ ။ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ (၂) ဦး ခန့်အပ်ခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီ၏အဖွဲ့ဝင်အဖြစ်ခန့်အပ်ခြင်း။**

(၁) **Mr.Takehito Hosoi** အား ဘုတ်အဖွဲ့ဝင် ဒါရိုက်တာနှင့် စီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် (၂၄) ရက်၊ ဇန်နဝါရီလ၊ ၂၀၂၄ ခုနှစ်မှစ၍ ခန့်အပ်တာဝန်ပေးလိုက်ပါသည်။

(၂) **Mr. Naoya Hiramatsu** အား ဘုတ်အဖွဲ့ဝင် ဒါရိုက်တာနှင့် စီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် (၂၄) ရက်၊ ဇန်နဝါရီလ၊ ၂၀၂၄ ခုနှစ်မှစ၍ ခန့်အပ်တာဝန်ပေးလိုက်ပါသည်။

**ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည် -**

Mr.Ken Han ( Managing Director )
Mr.Chang Woo Han ( Director )
Mr.Kim Vada (Director)
Mr.Kawahara Yoshiki (Director)
Mr.Sudeep Gupta ( Director )
Mr.Takehito Hosoi (Director)
Mr.Naoya Hiramatsu (Director)

ဘုတ်အဖွဲ့၏ အမိန့်ဖြင့်
Mr. Sudeep Gupta
Director & CEO
(၂၅) ရက်၊ ဧပြီလ၊ ၂၀၂၄ ခုနှစ်

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အိမ်အမှတ် (၁၆) ညောင်ပင်သာရပ်ကွက်၊ မင်းလမ်း၊ ဝေါမြို့တွင်တည်ရှိသည့် နှစ်ထပ်အိမ်နှင့်မျက်နှာ၁၀ အနံပေ(၃၀) အလျား (၁၀၀)ပေရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးရွှေမိုးနှင့် ဒေါ်တင်တို့၏သား၊ သမီးအမွေဆိုင်များအားလုံးတို့က အထောက်အထားနှင့် တကွပြသ၍ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ လက်ရှိထားပိုင်ဆိုင်ကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာလျှင် တာဝန်ယူကြောင်းဝန်ခံကတိပြုပြီးရောင်းချ ရန် ကမ်းလှမ်းရာ ဦးအောင်သူ ၇/ပခန(နိုင်)၃၀၃၀၀၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ် ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်စာမှတ်စာတမ်းနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သူထွန်း (LL.B)
(တရားလွှတ်တော်ရှေ့နေ)
စဉ်-၁၂၁၀၆ (၂၈-၂-၂၀၁၇)
အမှတ်(၉/၁၈-တပင်ရွှေထီးလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊
ဖုန်း- ၀၉-၇၈၉၈၈၈၇၉၈







## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ အမှတ်(၁၃၈)၊ ပန်းတောရပ်ကွက်နေ မောင်ဝေလင်းဦး ၆/သရခ(နိုင်)၁၀၁၃၅၆ ၏ မိခင် ဒေါ်သက်သက်အေးနှင့် ဒေါ်သက်အေး ၆/သရခ(နိုင်) ၀၅၅၇၅၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်သက်သက်အေး(ခ)**
**ဒေါ်သက်အေး**

## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/6038 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၂၇, Honda DE LUX70cc, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖေကြည် ၆/ရဖန(နိုင်) ၀၀၉၂၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၂၂၉၁, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းစိုး ၆/သရခ(နိုင်)၀၉၈၂၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၄-၂၀၂၄ ရက်မှစ၍ ၆-၅-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၂၉-၄-၂၀၂၄ ရက်မှ ၇-၅-၂၀၂၄ ရက်ထိ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါ သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့အရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာ သင်တန်းပေးဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၅၀၅/၀၆၇-၃၄၀၄၃၈၉/၀၆၇-၃၄၀၄၄၅၆(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈ အစိုးရနည်းပညာကောလိပ် (မန္တလေး)၊ ၀၉-၈၈၇၆၄၅၅၈၀ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် ၀၉-၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊နည်းဥပဒေ-၂၀)
## မိတ္ထီလာမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆

မသဲစုဖူးဝေ(ခ)သဲသဲ **နှင့်** ဗိုလ်ကြီးဇင်ကိုထက်
**တရားလို** **တရားပြိုင်**

အမှတ်(၁၀)တပ်မတော်အကြီးစားစက်ရုံ(မိတ္ထီလာ)နေ ဗိုလ်ကြီးဇင်ကိုထက် (ယခုနေရပ်လိပ်စာ မသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုမသဲစုဖူးဝေ(ခ)သဲသဲက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၄ခုနှစ်၊ မေလ ၇ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလကွယ် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ရွှေပွင့်)
မြို့နယ်တရားသူကြီး
မိတ္ထီလာမြို့နယ်တရားရုံး

## အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၇-ဃ/ကျီတော်ကုန်း)၊ မြေကွက်-အမှတ်(၂၃)၊ မြေဧရိယာ(၀.၀၄၃)ဧကရှိမြေကွက် သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာ မြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂)ရက်စွဲပါစာအမှတ် ၁၀၄၇/၁-၆/စ၀၀တ (မိတ္ထီလာ)အရ တပ်ကြပ်သန်းရွှေ သတင်းတပ်ဖွဲ့-မိတ္ထီလာအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၂၄)၊ မြေဧရိယာ (၀.၀၄၃)ဧကရှိ မြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏(၂၁-၇-၁၉၉၂ )ရက်စွဲပါစာအမှတ် ၁၀၄၇/၁-၆/စ၀၀တ (မိတ္ထီလာ)အရ ဦးဘဆိုင်၊ သ/မဥက္ကဋ္ဌအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ်(၂၅)၊ မြေဧရိယာ(၀.၀၄၃)ဧကရှိ မြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂) ရက်စွဲပါစာအမှတ် ၁၀၄၇/၁-၆/စ၀၀တ(မိတ္ထီလာ)အရ ဦးကျော်ရင်၊ ကြွေ/မြေ-မိတ္ထီလာ အမည်ဖြင့်လည်းကောင်း မြေနေရာချထားပေးခဲ့သော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေနေရာအား တပ်ကြပ်သန်းရွှေ၊ ဦးဘဆိုင်နှင့် ဦးကျော်ရင်တို့၏ကိုယ်စားပြုသူ ဦးစိုင်းလှိုင်ဘုန်းအောင် (၉/ခမစ(နိုင်)၀၆၂၉၀၂)မှမြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါ ကဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၇-ဃ/ကျီတော်ကုန်း)၊ မြေကွက်အမှတ်(၄)၊ မြေဧရိယာ(၀.၀၄၃)ဧကရှိမြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက်ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂)ရက်စွဲပါစာအမှတ်၊ ၁၀၄၇/၁-၆/စ၀၀တ (မိတ္ထီလာ) အရ ဦးတင်မောင်ထွေး၊ မြို့နယ်စုထွေဦးစီး-မိတ္ထီလာအမည်ဖြင့်လည်းကောင်း၊ မြေကွက် အမှတ်(၉)၊ မြေဧရိယာ(၀.၀၄၃)ဧကရှိမြေကွက်သည် မြို့နယ်စုမြို့ တိုးချဲ့ရပ်ကွက် ဖော်ထုတ်ရေး ဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂)ရက်စွဲပါစာအမှတ် ၁၀၄၇/၁-၆/စ၀၀တ(မိတ္ထီလာ)အရ ဦးစံလှအောင်၊ လက်သမားဆရာကြီး-မိတ္ထီလာအမည်ဖြင့် လည်းကောင်း၊ မြေကွက်အမှတ် (၁၁)၊မြေဧရိယာ (၀.၀၄၃)ဧကရှိမြေကွက်သည် မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက် ဖော်ထုတ်ရေးဦးစီးကော်မတီ၊ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့၏ (၂၁-၇-၁၉၉၂) ရက်စွဲပါစာအမှတ်၊ ၁၀၄၇/၁-၆/စ၀၀တ(မိတ္ထီလာ)အရ ဦးထွန်းရီ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်-ဖောင်ကြီး-ရန်ကုန် အမည်ဖြင့်လည်းကောင်း မြေနေရာချထား ပေးခဲ့သော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေနေရာအား ဦးတင်မောင်ထွေး၊ ဦးစံလှအောင်နှင့် ဦးထွန်းရီ တို့၏ကိုယ်စားပြုသူ ဦးစိုင်းလှိုင်ဘုန်းအောင်(၉/ခမစ(နိုင်)၀၆၂၉၀၂)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/1145 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁(က)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

ARISU COMPANY LIMITED

**(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

"ARISU COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာစာရင်းရှင်းလင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက်စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန်အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** – ၂၀၂၄ ခုနှစ်၊ မေလ ၂၄ရက် နံနက် (၁၀)နာရီ
**ကျင်းပမည့်ပုံစံ** – Online Meeting

**ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**YE NOOS & ASSOCIATES (Law Firm)**

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁(က)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

JET ANGEL TRAVEL & TOURS COMPANY LIMITED

**(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

JET ANGEL TRAVEL & TOURS COMPANY LIMITED(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** – ၂၀၂၄ခုနှစ်၊ မေလ ၂၄ ရက် နံနက် ၁၀နာရီ
**ကျင်းပမည့်ပုံစံ** – Online Meeting

**ဒေါ်သန့်မြတ်ဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**FOCUS CONSULTING GROUP LIMITED**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ (၁၄/ဖြ)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၇၀၁)၊ အခန်း(၇၀၁/B2)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဌေး ၁၂/မရက(နိုင်)၀၈၃၇၈၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမွန်ထွန်း ၁၂/ဥကမ(နိုင်)၂၂၉၂၇၈က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ သခင်ဗစိန်လမ်း၊ ၂၉ ရပ်ကွက်၊ အိမ်အမှတ် (၇၂၈)တွင် နေထိုင်သူ ဒေါ်စန္ဒာဝင်း (၁၂/သလန(နိုင်)၀၈၆၉၄၀)သည် အိမ်ထောင်ဦးစီးခင်ပွန်းဖြစ်သူ ဦးမျိုးဇေယျာဝင်း (၈/ဆပဝ(နိုင်)၀၆၃၈၀၉) ကို အသိပေးခြင်းမရှိ၊ သဘောတူခွင့်ပြုချက်မရှိဘဲ သူမ၏သဘောဆန္ဒ တစ်ခုတည်းဖြင့် မိသားစုပိုင်ငွေကြေးများကို လွှဲပြောင်း သုံးစွဲထားခြင်းကြောင့် ကျွန်ုပ်မှာများစွာ စိတ်အနှောင့်အယှက်ကြုံတွေ့နေရပါသည်။ ထို့ပြင် သူမသည် ကျွန်ုပ်သိရှိသဘောတူခြင်းမရှိဘဲ အခြားသူများထံမှလည်း ငွေကြေးများချေးယူထားကြောင်းကို ကြားသိရပါသည်။ ထိုငွေကြေးကိစ္စများမှာ ၎င်းတို့အချင်းချင်းသဘောတူညီမှုဖြင့် ပြုလုပ်ထားခြင်းသာဖြစ်သည်။ ယခင်၊ ယခု၊ နောင်များတွင်လည်း ဒေါ်စန္ဒာဝင်း ပြုလုပ်ထားသော ငွေကြေးပြဿနာများကို ကျွန်ုပ်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးအကြောင်း ကြားအပ်ပါသည်။

**စုံစမ်းမေးမြန်းနိုင်ပါသည်။**
**ဦးမျိုးဇေယျာဝင်း ၈/ဆပဝ(နိုင်)၀၆၃၈၀၉**
**ဖုန်း–၀၉–၄၀၁၆၂၁၇၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း


မုံရွာမြို့၊ စက်မှုဇုန် ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (စက်မှုဇုန်–၂၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၂၀ လမ်း– ၃၂၊ ၃၄၊ ၂၁လမ်း–၃၁၊ ၃၃)၊ ဧရိယာ (၀.၄၄၀)ကေရှိ မြေအား အမှုတွဲအမှတ် ၁၆၂/ ၂၀၀၂–၂၀၀၃ အရ (၃၀–၈–၂၀၀၂)မှ (၂၉–၈–၂၀၃၂)ထိ ဦးမြင့်စိုး အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသောမြေကို ဦးကျော်စိုးလွင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **ကော်လိတ်တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/7156 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## သိရှိက အမြန်ဆက်သွယ်ပါ



၁၀–၄–၂၀၂၄ရက် ၁၁:၅၀အချိန်ခန့်၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းပေါ်(၃၈)လမ်းထိပ်တွင် အမည်/နေရပ်လိပ်စာ (စုံစမ်းဆဲ)၊ အသက်(၃၅)နှစ်ခန့်၊ မြန်မာအမျိုးသားတစ်ဦး (အနက်ရောင်တီရှပ်လက်တို၊ ခရမ်းရောင်ကွက်စိပ် ပုဆိုးဝတ်ဆင်ထားသူ)မှာ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာများရရှိ သေဆုံးသွားသဖြင့် သေဆုံးသူနှင့် ၎င်း၏မိသားစုအား သိရှိသူများရှိပါက ဖုန်း–၀၉–၄၀၀၀၂၅၇၀၇သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

**လ ၁၈၉၂၉၃ ရဲအုပ် တင်မိုးအောင်**
**အမှတ်(၇)ယာဉ်ထိန်းရဲဒုတပ်ခွဲမှူးရုံး**
**(ရန်ကုန်အနောက်)**
**ဟံသာဝတီအဝိုင်းယာဉ်မှုစစ်ရုံး**
**ဖုန်း–၀၉–၄၀၀၀၂၅၇၀၇**


# အထူးအစီအစဉ်
# ရွှေမိုးကောင်းကွန်ဒို မှ

မြန်မာနှစ်သစ်ကူး နှစ်ဦးသင်္ကြန် ကို ကြိုဆိုရင်း (25%) အထူးလျှော့ဈေးဖြင့်
(30-3-2024) မှ (30-4-2024) ထိ ရောင်းချပေးနေပါသောကြောင့်
